# ထို့ကြောင့်

# ဂျာသို့



## အရှေ့မြောက်တောင်တန်းများပေါ်က

# ဗမာပြည်ကွန်မြူနစ်ပါတီ

ရဲဘော်ဇင်ထက် ၊ ရဲဘော်ထွန်းသိန်း

ရဲဘော်အောင်မင်း ၊ ဗိုလ်မှူးကြီးပေါင်း စန်းပွင့်

# စာရေးသူများ ၏ ပန်ကြားချက်

ဤစာအုပ်ရေးသားပြုစုသော ''တောခိုကျောင်းသားဟောင်းများ '' အမည်ခံ ကျွန် တော်တို့ သည် ပဲခူးရိုးမ ဗကပတို့ ပြိုကွဲကျဆုံးပြီး နောက်ပိုင်းမှ အရှေ့မြောက်နယ်စပ် ဒေသရှိ ဗကပသို့ တောခို ဝင်ရောက်ခဲ့သူများ ဖြစ်ပါသည် ။ ကျွန်တော်တို့ စာရေးသူများ တွင်

- တက္ကသိုလ်ရောက်ရှိစအချိန်၌ ဗကပယူဂျီတို့ ၏ စည်းရုံးသိမ်းသွင်းခံကြရပြီး ယူဂျီလုပ်ငန်းများ တွင် တစ်စိတ်တစ်ဒေသ ကိုယ်တိုင် ပါဝင်လှုပ်ရှားခဲ့ဖူးသူ များ ပါဝင်ပါသည် ။

- တက္ကသိုလ်ကျောင်းသားများ အဖြစ် အရေးအခင်းအားလုံးတွင် တက်တက်ကြွ ကြွ ပါဝင်ခဲ့ကြသူများ လည်း ဖြစ်ပါသည် ။

- အရေးအခင်း များ တွင် ပါဝင်ခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်း ခံကြရပြီး ထောင် တွင်း၌ ဗကပယူဂျီတို့ မှ စည်းရုံး သိမ်းသွင်းသဖြင့် ထောင်မှ ထွက်ပြီး တော ခိုဘဝရောက်ခဲ့သူများ လည်း ပါဝင်ပါသည် ။

- အခြေအနေမျိုးစုံတွင် ဗကပယူဂျီတို့ နှင့် ဆက်စပ်ပတ်သက်၍ စည်းရုံးခံရပြီး ကွန်မြူနစ်ဝါဒအား ယုံကြည်သက်ဝင်မှု၊ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် အထင်ကြီးမှုများ ဖြင့် လက်နက်ကိုင်တော်လှန်ရေး လုပ်မည်ဟူသော ဆုံးဖြတ် ချက်ဖြင့် တောခိုခဲ့သူများ ဖြစ်ပါသည် ။

အရှေ့မြောက်နယ်စပ်ဒေသရှိ ဗမာပြည်ကွန်မြူနစ်ပါတီသို့ ကျွန်တော်တို့ ရောက်ရှိ ချိန်သည် တစ်ဘက်နိုင်ငံမှ လူ၊ လက်နက်၊ ရုပ်ဝတ္ထုအကူအညီများ ဖြင့် ဗကပ တူတံစဉ် အလံသည် တလူလူလွင့်နေပါသည် ။ အခြေအနေ အရပ်ရပ်သည် ကျွန်တော်တို့ မျှော်လင်သည် ထက် သာလွန်နေပါသည် ။ အောင်ပွဲသည် လက်တစ်ကမ်းသာ လိုတော့သည် ဟူသော အထင်ကြီးစိတ်များ ဖြင့် တက်တက်ကြွကြွ အသက်သွေးပေး၍ အလုပ်အကျွေး ပြုခဲ့ကြ သူများ ဖြစ်ပါသည် ။

ကျွန်တော်တို့ ကျောင်းသားလူငယ်များ သည် ရုံးဌာန တပ်အသီးသီးတွင် တာဝန် ခွဲဝေယူကြပြီး (၁၀) စုနှစ်တစ်စု ကျော်ဖြတ်သန်းသည့်အခါတွင် ကား

- ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ ဇနီး ဒေါ်သန်းစိန် မကြာခဏ ပြောသကဲ့သို့ ''ဗကပကို အဝေးကကြည့်တော့ ရွှေတောင်ကြီးမှတ်လို့ လာခဲ့ပေ့ါ။ အထဲ ရောက်မှ နွားချေးပုံမှန်းသိရတော့တယ်'' ဟူသော စကားအတိုင်း ကြာကြာ ဝါးလေ ခါးလေ ကြုံတွေ့ကြရပါသည် ။

- ဂိုဏ်းဂဏအုပ်စု၊ လူမှုရေး၊ စီးပွားရေး ဖောက်ပြန်ရှုပ်ထွေးမှုများ ၊ - ကိုယ်ပိုင်အရည်အသွေးကင်းမဲ့၍ အကူအညီပေးသူများ ၏ အရောင်ပြောင်းလဲ မှုအတိုင်း နောက်မြီးဆွဲလိုက်နေသည့် အဖြစ်များ ၊

- ပဲခူးရိုးမ၏ ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်ထက်ဆိုးရွားသော ဖြုတ်၊ ပယ်၊ ဖိနှိပ်ဟူသော နိုင်ငံရေးညစ်ပတ်မှုများ ၊

- ဗကပ ဆိုသည် မှာ ဘိန်း၊ ကျောက်ကုန်သည် ပွဲစားကြီးများ ဟု အဓိပ္ပာယ်ဖွင့် ရလောက်အောင် တော်လှန်ရေး လုပ်စားနေသူများ ၊

- လွတ်မြောက်ရေးဟု ကြွေးကြော်ရင်း လွတ်မြောက်ပါသည် ဟု

ဆိုသော ဒေသမှ တိုင်းရင်းသားတို့ ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ အတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်ဘဲ ကျောက်ခေတ်သို့ နောက်ပြန်ဦးတည်နေသည့် ဖြစ်ရပ်များ ၊

- ဒေသခံတိုင်းရင်းသားတို့ ၏ မုန်းတီးရွံရှာ ဆန့်ကျင်မှုများကို ကိုယ်တိုင်ကြုံတွေ့ ခံစားခဲ့သူများ ဖြစ်ပါသည် ။

- တစ်ခုသော အခြေအနေတွင် တပြောင်ပြောင် တလက်လက် ငွားငွားစွင့်စွင့် ရှိခဲ့သော ဗကပဟူသည့် ရေခဲတောင်ကြီးသည် တဖြည်းဖြည်း အရည်ပျော် ရာမှ တအိအိ ပြိုဆင်းလာခဲ့ပြီး နောက်ဆုံးအရှိန်ပြင်းစွာ ပြိုကျပျောက်ကွယ် သွားခဲ့ရသည် ကို ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသူများ လည်း ဖြစ်ပါသည် ။

ထိုတွေ့ကြုံခံစားချက် ဖြစ်ရပ်မှန်များကို ကျွန်တော်တို့ ရေးသားတတ်သလို စုပေါင်း ရေးသားပြုစု၍ ပြည်သူသို့ တင်ပြခြင်းဖြစ်ပါသည် ။

ကျွန်ုတော်တို့ သည် သမိုင်းပညာရှင်များ လည်း မဟုတ်သဖြင့် ကျွန်တော်တို့ စာအုပ် သည် အရှေ့မြောက်နယ်စပ်ဒေသမှ ဗကပ၏ သမိုင်းမှတ်တမ်းလည်း မဟုတ်ပါ။ မည် သည့်အတွက် ပြိုကွဲကျဆုံးခဲ့ရသည် ကို နိုင်ငံရေးအမြင်ဖြင့် ခွဲခြမ်းစိတ်ဖြာ ဝေဖန်သုံး သပ်နိုင်စွမ်းလည်း မရှိပါ။

စာဖတ်သူအပါအဝင် ပြည်သူတို့ သည် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာခဲ့ ပုံ၊ လက်နက်ကိုင် တောခိုခဲ့ပုံ၊ ပဲခူးရိုးမတွင် ကျဆုံးခဲ့ပုံများကို နောကြေအောင် သိရှိ ကြပြီးသူများ ဖြစ်ကြပါသည် ။ မည်သို့ ဖြစ်ပျက်ခဲ့ကြသည် ၊ မည်သည့်အတွက် ပြိုကွဲ ကျဆုံးခဲ့ရသည် များကိုလည်း ဝေဖန်သုံးသပ် သိရှိနားလည်သူများ ဖြစ်ကြပါသည် ။

ယခုနောက်ဆုံး အရှေ့မြောက်နယ်စပ်ဒေသမှ ဗမာပြည်ကွန်မြူနစ်ပါတီသည် လည်း ပြိုကွဲကျဆုံးခဲ့ပြီဆိုသည် ကို သိရှိကြပြီး ဖြစ်ပါသည် ။ မည်သို့ ဖြစ်ပျက်ခဲ့ကြသည် ၊ မည်သည့်အတွက် ပြိုကွဲကျဆုံးရသည် ကို ဆက်လက်သိရှိလိုကြပါလိမ့်မည်။ ကျွန်တော် တို့ တွေ့ကြုံခံစားရချက်များကို လေလှာခြင်း အားဖြင့် ''ထို့ကြောင့်...ဤသို့'' ပါတကား ဟု မှန်ကန်စွာ သုံးသပ်ကောက်ချက်ချနိုင်ရန် တစ်စိတ်တစ်ဒေသ အထောက်အကူ ပြု လိမ့်မည်ဟု မျှော်လင့်ယုံကြည်မိပါသည် ။

ကျွန်တော်တို့ သည် စာရေးဆရာများ ၊ စာရေးတတ်ကျွမ်းသူများ ၊ စာရေးကောင်းသူ များ မဟုတ်သဖြင့် အရေးအသား ချို့ယွင်းအားနည်းချက်များကိုမူ ခွင့်လွှတ်ဖတ်ရှုကြ ပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည် ။

## တောခိုကျောင်းသားဟောင်းများ

* * *

# ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းအမှာ စာ

၁၉၈၉ ခုနှစ်၊ ဧပြီလ ၁၇ ရက် နံနက်လင်းအားကြီးမှာ 'ဝ' တိုင်းရင်းသားတပ် ဖွဲ့တွေက 'ဗကပ' ဗဟိုကော်မတီကို ပုန်ကန်ပြီး ဌာနချုပ်စခန်းနဲ့ ပန်ဆန်းကို သိမ်းပိုက် ခဲ့ကြသည် ။ အဲဒီ လိုနဲ့ ဦးပေါက်ယိုချန်၊ ဦးကျောက်ညီလိုင်တို့ ခေါင်းဆောင်တဲ့ ပုန်ကန်မှု က 'ဗကပ'ရဲ့ နှစ် ၄၀ ကျော်ကြာ လက်နက်ကိုင်တိုက်ပွဲဝါကျကို ပုဒ်မ ချပေးလိုက်ပါ တယ်။

၁၉၈၉ မတ်လ မှာ ကိုးကန့်။ ဧပြီလမှာ 'ဝ'။ အဲဒီ ဆူးကြီးနှစ်ချောင်း စူးဝင်သွား တဲ့ အခါ ၁၉၆၈ က တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ မကြိုစဖူး ဘုံးဘောလအော အကူ အညီတွေနဲ့ လေထိုးရင်း ကြီးထွားလာတဲ့ အရှေ့မြောက်အခြေခံဒေသ ဘောလုံးကြီးဟာ ရှူးခနဲ ပြားချပ်သွားပါတော့တယ်။

ဒီအဖြစ်အပျက်ဟာ ဗမာ့သမိုင်းမှာ သာမက ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုသမိုင်းမှာ ပါ မှတ်တမ်းရမည့် ကိစ္စကြီးပါ။ ဒါပေမယ့် သံလွင်မြစ်အရှေ့ခြမ်း ၊ ရှမ်းပြည်နယ်မြောက်ပိုင်း ၊ တရုတ်-ဗမာ နယ်စပ်၊ ဝေးလံတဲ့ 'ဝ' နယ်တောင်တန်းတွေပေါ်မှာ ဖြစ်ပွားခဲ့တာမို့ ပြည်သူလူထုက မသိလိုက်ကြပါဘူး။ ပညာတတ်အသိုင်းအဝန်းက 'ဗကပ' လိုလားသူ၊ အရှေ့မြောက် လေ့လာနေသူတွေတောင် ဂဃနဏ မသိခဲ့ကြဘူး။

ဒါကြောင့် တောထကဲ အတွေ့အကြုံ တွေကို စာပြန်ရေးချင်ကြောင်း ထောက်လှမ်း ရေး (၁) တပ်မှူး ဗိုလ်မှူးကျော်အေးကို ကျွန်တော် ပြောမိတယ်။ သူနဲ့ ကျွန်တော်ဟာ ငယ်စဉ်တည်းက ကျောင်းနေဖက်ပဲ။ ကျွန်တော့်ထက်တော့ ၃နှစ်လောက်ငယ်ပါတယ်။ သူ့အစ်ကို ကိုကျော်ငွေး (ဒေါက်တာကျော်ငွေး၊ ရွှေဘို) နဲ့ ကျွန်တော်က အတန်းတူ။ ကိုကျော်အေးနဲ့ ကျွန်တော့်ညီ ဘုန်းမြင့် (ကွယ်လွန်) က အတန်းတူ။ ဒါနဲ့ ကိုကျော်အေးက ကကလှမ်း ဂျီတူး (G2) ဗိုလ်မှူးသက်တင်စိန် (ယခု-ဒုတိယ ဗိုလ်မှူးကြီးဟောင်း)က တစ်ဆင့် ထောက်လှမ်းရေး (၆) တပ်မှူး ဗိုလ်မှူးစန်းပွင့် နဲ့ ဆက်သွယ်ပေးခဲ့တယ်။ ဗိုလ်မှူးကြီးစန်းပွင့် (ယခု-ဗိုလ်မှူးဟောင်း)က စာရေးဝါသနာ ပါတယ်။ သူ့ဆီမှာ နေရာထိုင်ခင်း၊ ရုံးကိစ္စ (စာကူးစာရိုက်) နဲ့ ပုံနှိပ်ထုတ်ဝေဖို့ ပါ ကူညီနိုင်တယ်ဆိုလို့ ၉၀ ခုနှစ်ဆန်းမှာ ရန်ကုန်က တောခိုကျောင်းသားဟောင်းတွေနဲ့ ကျွန်တော် ဆက်သွယ်ခဲ့ပါတယ်။

ရဲဘော်ထွန်းသိန်း၊ ရဲဘော်ကျော်ကြီးနဲ့ ရဲဘော်ဗထွန်း။ သူတို့ကလည်း စာအုပ်ရေး ဖို့ သဘောတူကြတယ်။ အဲဒီ ထဲမှာ ရဲဘော်ဗထွန်းကတော့ စာရေးစဉ်ကာလ ညနေတိုင်း တွေ့ဆုံညှိနှိုင်းကြတဲ့ အစည်းအဝေးတွေ မှန်မှန်တက်ပေမယ့် တစ်လုံးမှ ဝင်မရေးခဲ့လို့ စာရေးသူစာရင်းမှာ ချန်လှပ်ခဲ့ပါတယ်။

ဒီရဲဘော်ဟောင်းတွေအပြင် ဗိုလ်မှူးစန်းပွင့်ကလည်း 'ဗကပ' နဲ့ ပ တ် သ က် တဲ့ သူလေ့လာထားသမျှအကြောင်းတွေကို ဖြည့်စွက်ရေးသားပါတယ်။ ၃ လကျော်ကြာ ရေးခဲ့ကြပြီးနောက် 'ထို့ကြောင့်... ဤသို့' ပုံနှိပ်ပြီးတဲ့ အခါ ပြန်ကြားရေးက ကန့်ကွက်လို့

ဖြန့်ချိခွင့်မရခဲ့ပါဘူး။ ဒါကြောင့် ဒီတစ်ခါဟာ ဒုတိယ အကြိမ် ပုံနှိပ်ခြင်းဖြစ်ပေမယ့် အခုမှ ပထမအကြိမ် ဖြန့်ဝေရတာ ပါ။

'ထို့ကြောင့်... ဤသို့'ဟာ တပ်မတော်ကို အမွှမ်းတင်တာမဟုတ်သလို 'ဗကပ' ကို ရှုတ်ချတိုက်ခိုက်ဖို့ လည်း မရည်ရွယ်ပါဘူး။ ၁၉၇၄ က ၇၉ ကျောင်းသားလှုပ်ရှားမှုတွေအတွင်းRITနဲ့ RIT ကနေ တောခိုသွားခဲ့ကြသူ ကျောင်းသားတစ်စုက စာရေးဆရာတွေ မဟုတ်ကြပေမယ့် သူတို့ ရေးတတ်သမျှနဲ့ ဖြတ်သန်းခဲ့ရတဲ့ တောတွင်း ဘဝ တကယ့်ဖြစ်ရပ်တွေကို မှတ်တမ်းတင်ဖို့ ကြိုးပမ်းထားတဲ့ စာအုပ်ပါ။

လေးစားလျက်

ရဲဘော်ဇင်ထက်

၂၀၁၅ မတ်လ။

* * *



ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင်ဗသိန်းတင်

"လမ်းစဉ်မှန်ရင် မရှိရာမှ ရှိလာတယ်၊ ငယ်ရာမှ ကြီးလာတယ်၊
လမ်းစဉ်မှားရင်တော့ ရှိရာက မရှိတာဖြစ်သွားပြီး ကြီးရာမှ ငယ်သွားမယ်"

# အခန်း (၁)

# ဗကပဘဝ၏ အစ လူ့ဘဝ၏ အဆုံး

ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်ဒေသသို့

တောခိုဝင်ရောက်ခဲ့ကြသော ကျောင်းသားလူငယ်အများ စုသည် ပဲခူးရိုးမရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် ပြိုကွဲလုနီးချိန်နှင့် ပြိုကွဲပြီးနောက်ပိုင်းမှ ရောက်ရှိခဲ့ကြသူများ ဖြစ်ပါသည် ။ ၁၉၇၄ ခုနှစ်တစ်ဝိုက်ဆီမှ နောက်ဆုံး ပန်ဆန်းဗဟိုပြိုကွဲချိန်ထိ မြို့ပြတောခိုကျောင်းသားလူငယ် စုစုပေါင်းမှာ (၁၅၀) ခန့် ရှိခဲ့ပါသည် ။ ထိုလူငယ်များ အနက် တက္ကသိုလ်အသီးသီးမှ နည်းပြဆရာ၊ ဆရာမအပါအဝင် အများ စုမှာ ဘွဲ့ရနှင့် ဘွဲ့မရသေးသည့် ပညာတစ်ပိုင်း တစ်စ ကျောင်းသားလူငယ်များ ဖြစ်ကြပါသည် ။ သူတို့ သည် ကွန်မြူနစ်ဝါဒကို တစ်စုံ တစ်ရာအတိုင်းအတာထိ လေ့လာခဲ့ပြီး ယုံကြည်မှု ရေချိန်ရှိခဲ့ကြ၍ လက်နက်ကိုင်တော် လှန်ရေး လုပ်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် တောခိုဝင်ရောက်ခဲ့သူများ ဖြစ်ပါသည် ။ တစ်ဦးတစ်ယောက်စမှ လွဲလျှင် အများ စုသည် ဗမာပြည်ကွန်မြူနစ်ပါတီ မြေအောက် လှုပ်ရှားမှုအဖွဲ့ (ယူဂျီ) များ ၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ စည်းရုံးသိမ်းသွင်း ခံရသဖြင့် ကွန်မြူနစ်ဝါဒအား ယုံကြည်သက်ဝင် လာပြီး နောက်ဆုံးအရှေ့မြောက်ဒေသ သို့ တောခိုဝင်ရောက်ခဲ့သူများ ဖြစ်ပေသည် ။

ဗကပ (ယူဂျီ) ဆိုသည် မှာ ပါတီပေါ်ပေါက်လာစကတည်းက သန္ဓေတည်ခဲ့သော လုပ်ငန်း ဖြစ်ပါသည် ။ မတရားသင်း ကြေညာခံရပြီး လက်နက်ကိုင် တောခိုခဲ့ချိန်မှ စ၍ (ယူဂျီ) လုပ်ငန်းအား အဓိကအားပြုခဲ့သည် ။ ပဲခူးရိုးမကျဆုံးပြီး ယခုနောက်ဆုံး အရှေ့ မြောက်ဒေသ (ပန်ဆန်း) ဗဟိုပြိုကွဲချိန်ထိ ခေတ်အဆက်ဆက် စဉ်ဆက်မပြတ် လှုပ်ရှား ခဲ့ကြသည် ။ ဗကပ (ယူဂျီ) လုပ်ငန်းနှင့် ပ တ် သ က် ၍ (ရေရှည်မြုပ်နှံ၊ အင်အားစုဆောင်း

အခွင့်အခါကောင်းစောင့်ဆိုင်း) ဟူသော ဆောင်ပုဒ်ဖြင့် (ယူဂျီ)အဖွဲ့ဝင်များအား အလွှာ အသီးသီးတွင် ထိုးဖောက်ဝင်ရောက်မြှုပ်နှံ လှုပ်ရှားစေခဲ့သည် ။ အလွှာအသီးသီးအနက် ပညာရေးလောကဖြစ်သော ကျောင်းသား/လူငယ်များကို ပိုမိုအာရုံစိုက်၍ ထိုးဖောက်လှုပ် ရှားစေခဲ့ပါသည် ။

၁၉၆၉ ခုနှစ် ကျွန်းဆွယ်အရေးအခင်း၊ ၁၉၇၀ ပြည့်နှစ် တက္ကသိုလ်ရွှေရတု သဘင်အရေးအခင်း၊ ၁၉၇၄ ခုနှစ် အလုပ်သမားအရေးအခင်းနှင့် ဦးသန့်အရေးအခင်း၊ ၁၉၇၅ ခုနှစ် ဇွန် (၆) ရက်နေ့ အရေးအခင်း၊ ၁၉၇၆ ခုနှစ် မှိုင်းရာပြည့်အရေးအခင်း များအား လေ့လာကြည့်မည်ဆိုလျှင် အများ စုမှာ ကျောင်းသားများမှ စတင်ခဲ့ပြီး အရေး အခင်းတိုင်းတွင် မှု ကျောင်းသားများ ပါဝင်ခဲ့ကြပါသည် ။ အရေးအခင်းများ ဖြစ်ပေါ်ရန် လည်း (ယူဂျီ) များ ၏ စတင်လှုံ့ဆော်မှု မကင်းခဲ့ချေ။ သို့ရာတွင် ဖြစ်ပေါ်ခဲ့သော အရေးအခင်းအားလုံးတွင် မှု (ယူဂျီ) များ သည် ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ကိုင် တွယ် လှုပ်ရှားခဲ့ကြောင်း တောခိုကျောင်းသားအများ စု သိရှိခဲ့ကြပါသည် ။ ထိုကျောင်း သားလူငယ် အများ စုသည် အရေးအခင်းများ တွင် ကိုယ်တိုင်ပါဝင်ခဲ့ခြင်း၊ အရေးအခင်းတွင် ပါဝင်လှုပ်ရှားခဲ့သည့် (ယူဂျီ)များ နှင့် ဆက်စပ်ပတ်သက်ခြင်းများ ဖြင့် နောက်ဆုံးတွင် အရှေ့မြောက်ဒေသသို့ တောခိုဝင်ရောက်ခဲ့ကြခြင်း ဖြစ်ပေသည် ။

ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်ဒေသ ပေါ်ပေါက်ချိန်မှ စ၍ ပဲခူးရိုးမရှိ ဗဟိုဌာနချုပ်ကဲ့သို့ပင် (ယူဂျီ) လုပ်ငန်းအား စင်ပြိုင်လုပ်ရှားခဲ့ကြသည် ။ ပဲခူးရိုးမ ဗဟို ဌာနချုပ် ကျဆုံးသည့်အခါတွင် ပဲခူးရိုးမ၏ (ယူဂျီ)များ သည် အရှေ့မြောက်ဒေသ

ယူဂျီ များ နှင့် ဆက်လက်ပူးပေါင်း လှုပ်ရှားခဲ့ကြသည် ။ ယူဂျီဆိုသူတို့မှာ လည်း ချိုပါသူများ မဟုတ်ကြသဖြင့် မိသားစုအချင်းချင်းပင် ရိပ်စားမိမည်မဟုတ်ပေ။ သက်ဆိုင်ရာ လူမှု ပတ်ဝန်းကျင်တွင် လိုက်လျောညီထွေစွာ သာမန်အနေအထားဖြင့် ပစ်မှတ်များ ရှာဖွေ၍ စည်းရုံးသိမ်းသွင်းရန် လှုပ်ရှားခဲ့ကြသည် ။ ယူဂျီမှန်သမျှ ကွန်မြူနစ်ဝါဒအကြောင်း အာ ဘောင်အာရင်းသန်သန် ဟောပြောမည်မဟုတ်၊ ပထမဦးစွာ လူပုဂ္ဂိုလ်ရင်းနှီးဝင်ဆန့်မှုရ ယူရန် နည်းမျိုးစုံဖြင့် ချဉ်းကပ်မည်။ လူပုဂ္ဂိုလ် ရင်းနှီးလာသည့်အခါ မြေ အော က် လု ပ် င န်း န ည်း နာများ ဖြင့် တဖြည်းဖြည်း စည်းရုံးတော့သည် ။ ယုံကြည်စိတ်ချရသည့် အတိုင်းအတာသို့ ရောက်ရှိမှ သာ သူသည် ဗကပယူဂျီဖြစ်ကြောင်း ဖွင့်ဟပြောဆို၍ (ယူဂျီ) အဖွဲ့ဝင် တစ်ဦးအဖြစ် ပါဝင်ရန် သိမ်းသွင်းမည်ဖြစ်ပါသည် ။

ကျောင်းသားလောကမှ (ယူဂျီ)တို့ သည် တက္ကသိုလ်ရောက်ကာစ စာပေဝါသနာ ပါသူများကို စည်းရုံးသိမ်းသွင်းရန် ပစ်မှတ်အဖြစ် ရှာကြသည် ။ လူပုဂ္ဂိုလ်အရလည်း ကောင်း၊ စာပေဆွေးနွေးမှုအရလည်းကောင်း ရင်းနှီးမှုရယူသည် ။ လက်ဝဲဆန်သော ဝတ္ထု များမှ စတင်၍ နောက်ဆုံးလက်ဝဲစာပေအထိ ဦးဆောင်ဖတ်ရှု ဆွေးနွေးကြသည် ။ နောက် ဆုံးတွင် နည်းမျိုးစုံဖြင့် လွှမ်းမိုးကာ စည်းရုံးသိမ်းသွင်းတော့သည် ။ နည်းမျိုးစုံဆိုရာ၌ ခြိမ်းခြောက်စည်းရုံးမှုလည်း ရှိကြသည် ။ (ယူဂျီ) ဆိုသူတို့ မှ ယင်းတို့ နှင့် ထိတွေ့မှု၊ ဆွေးနွေးပြောဆိုမှုများကို ထောက်လှမ်းရေး အဖွဲ့အစည်းများမှ သိရှိရိပ်စားမိပြီးဖြစ်၍ ယင်း တို့ နှင့်ပူးပေါင်းရန် ယင်းတို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် ခြိမ်းခြောက် စည်းရုံးသိမ်းသွင်းမှုပြုသဖြင့် ယူဂျီအဖွဲ့ဝင်အဖြစ် ဖြစ်ခဲ့ရသူလည်း ရှိခဲ့သည် ။

အချို့မှာ ကျောင်းသားအရေးအခင်းများ တွင် ပါဝင်လှုပ်ရှားသူများ အနက် အစိုးရ ဆန့်ကျင်မှုနှင့် တက်ကြွမှုရှိသူများကို ပစ်မှတ်အဖြစ် ရှာကြသည် ။ (ယူဂျီ) ဆိုသူတို့ သည် အရေးအခင်းများ တွင် ဦးဆောင်မှု အခန်းကဏ္ဍတွင် နေရာ ယူပြီးဖြစ်သဖြင့် ထိုပစ်မှတ်များအား ဝန်းရံခြင်း၊ တွန်းတင်ခြင်း၊ လှုံ့ဆော်ခြင်းဖြင့် ယင်း တို့ လိုလားသော ပုံစံအတိုင်း လှုပ်ရှားစေခဲ့သည် ။ ဤသို့ ပူးတွဲလှုပ်ရှားရင်း ရင်းနှီးမှု ရယူကာ နောက်ဆုံးတွင် ကွန်မြူနစ်ဝါဒ သဘောတရားများ ဆွေးနွေးခြင်းဖြင့် စည်းရုံး သိမ်းသွင်းကြတော့သည် ။

ထိုကာလတွင် ဖြစ်ပေါ်ခဲ့သော အရေးအခင်းများ ၌ ပါဝင်ခဲ့ခြင်းကြောင့် ကျောင်း သားလူငယ်များ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရသည် ။ ထိန်းသိမ်းခံရသူများ တွင် (ယူဂျီ) များ လည်း ပါဝင်ခဲ့သည် ။ (ယူဂျီ) တို့ သည် ထောင်တွင်း၌ ပစ်မှတ်များ ရှာဖွေကြပြန်သည် ။ ထိန်းသိမ်းမှုကြောင့် ခံစားနေရသည့် မကျေနပ်ချက်များ အပေါ် နိုင်ငံရေး ဆွေးနွေးကြရာ မှ ဝါဒရေးရာများ ဖြင့် စည်းရုံးကြသည် ။ (ယူဂျီ) အဖွဲ့ဝင်များ အဖြစ် စည်းရုံးသိမ်းသွင်း နိုင်ကြသည် ။ အချိန်အခါနှင့် အခြေအနေများ အရ ထောင်သည် (ယူဂျီ)တို့ အတွက် အင် အားစုဆောင်းရာ နေရာကောင်းတစ်ခုဖြစ်ခဲ့သည် ။ အရှေ့မြောက်ဒေသ တောခိုကျောင်းသား များ တွင် ဤနည်းအားဖြင့် ထောင်တွင်း၌ စည်းရုံး သိမ်းသွင်းခံရသူများ ရှိခဲ့ကြသည် ။ အချို့ ကျောင်းသား လူငယ်များမှာ တက္ကသိုလ်ရောက်စ စာပေလေ့လာကြရာမှ ကွန်မြူနစ်စာပေများကို လေ့လာမိကြသည် ။ ဝါသနာတူချင်း ရှာဖွေကြသည် ။ မြေအောက် လုပ်ငန်း၏ အခြေခံဖြစ်သော လေ့လာရေးအစုအဖွဲ့ကို စုဖွဲ့ကြသည် ။ တဖြည်းဖြည်း မြေအောက် အဆက်အသွယ်များကို

ရှာဖွေဆက်သွယ်ကြသည် ။ (ယူဂျီ) များ နှင့် ဆက် သွယ်မိသည့်အခါ သိမ်းသွင်းလွှမ်းမိုးခံကြရကာ နောက်ဆုံးတွင် လက်နက်ကိုင် တောခို ဘဝသို့ ရောက်ခဲ့ကြသည် ။

အရှေ့မြောက်ဒေသ၏ (ယူဂျီ) တို့ သည် တပ်မတော်၊ ပြည်သူ့ရဲ၊ ဆရာဝန်၊ ကျောင်း ဆရာ၊ ကျောင်း သားလောက၊ ရုံးဌာန ဝနထ် မ်း နှင့် သာသနာ၀ ့ နထ် မ်း များ ပါမကျန် အလွှာစုံသို့ ထိုးဖောက်စည်းရုံးနိုင်ခဲ့ကြသည် ။ ပဲခူးရိုးမ၏ ''ဖြုတ်ထုတ်သတ် လမ်းစဉ် ကြောင့် ထိတ်လန့် တုန်လှုပ်ဖွယ်ရာနှင့် ပဲခူးရိုးမ ကျဆုံးခဲ့သည့်တိုင် မြေအောက်လုပ်ငန်း အား တစ်စုံတစ်ရာ အတိုင်းအတာအထိ လုပ်ကိုင်နိုင်ခဲ့ကြသည် ။ တစ်ဖက်နိုင်ငံမှ လူ၊ လက်နက်၊ ရုပ်ဝတ္ထု အကူအညီများ ဖြင့် စစ်ရေးလှုပ်ရှားမှု၊ နိုင်ငံရေး လှုပ်ရှားမှုများကို ဗကပ အသံလွှင့်ချက်များ နည်းတူ အားကျဖွယ် ထောက်ပြကြသည် ။ ယနေ့ မနက်ဖြန် တစ်ပြည်လုံး နီရဲတော့မတတ် ပြောဆိုစည်းရုံးကြသည် ။ ပဲခူးရိုးမ၏ ကျဆုံးခဲ့ရခြင်းများ ကိုပင် သူ့တို့ ပညာတတ် လူငယ်များ ပြုပြင်ပြောင်းလဲလိုက်လျှင် မနက်ဖြန် အောင်မြင် တော့မည်ဟု လည်း မျှော်မှန်းစေခဲ့ကြသည် ။ (ယူဂျီ) တို့ ၏ စည်းရုံး သိမ်းသွင်းခံရသူ လူငယ်တိုင်းသည် လက်နက်ကိုင် တော်လှန်ရေးဟူသော တောခိုရန်သာ စိတ်အားထက် သန်နေခဲ့ကြသည် ။

အထက်ပါအတိုင်း စည်းရုံးသိမ်းသွင်းခံရသူများ အနက် အချို့မှာ ကိုယ်တိုင် တောင်း ဆိုချက်၊ အချို့မှာ (ယူဂျီ) တို့ မှ ပါတီ၏ လိုအပ်ချက်ဟု ပြောဆိုကာ အရှေ့မြောက်ဒေသ သို့ အဆက်အသွယ်များမှ တစ်ဆင့် ပို့ဆောင်ရောက်ရှိခဲ့ကြသည် ။ အချို့သည် ကချင်ပြည် နယ် ဗန်းမော်ဘက်မှ လည်းကောင်း၊

ရှမ်းပြည်တောင်ပိုင်း တောင်ကြီးဘက်မှ လည်း ကောင်း နည်းလမ်းပေါင်းစုံဖြင့် အရှေ့မြောက်ဒေသသို့ ရောက်ရှိခဲ့ကြတော့သည် ။

တောခိုရောက်ရှိခဲ့ကြသော ကျောင်းသားလူငယ်များ သည် ။ ထိုစဉ်က အရှေ့မြောက် ဒေသ၌ တစ်ဘက်နိုင်ငံ၏ လူ၊ လက်နက်၊ ရုပ်ဝတ္ထုပစ္စည်း အကူအညီများကြောင့် ဗကပ တို့ ၏ တူ၊ တံစဉ်အလံသည် တလူလူလွင့်နေသည် ကို တွေ့နေကြရသည် ။ ရုပ်ရှင်ဇာတ်ကားများ ၊ စာအုပ်များမှ သိခဲ့ရသော သူပုန်များ နှင့်မတူဘဲ အခိုင်အမာ ဌာနချုပ် များ နှင့် အမြဲတမ်း တပ်မတော်ကြီးနှယ် အံ့သြအထင်ကြီးခဲ့ကြသည် ။ နွေးထွေးစွာ ကြို ဆိုမှုများကြောင့် ပိုမိုတက်ကြွခြဲ့ကသည် ။ သို့နှင့် ရဲရဲတောက် ခြေလှမ်းကြိုဆိုမှုများကြောင့် ပိုမိုတက်ကြွခဲ့ကြသည် ။ သို့နှင့် ရဲရဲတောက် ခြေလှမ်းများ ဖြင့် ဗကပ၏ ဘဝကို စတင် ခဲ့ကြတော့သည် ။ ထိုစဉ်က သူတို့ သည် ။

တစ်ဖက်နိုင်ငံမှ ကျားကန်လွှင့်ထူပေးထားသော ဤ တူ၊ တံစဉ်အလံနှင့် အခိုင်အမာ ယူဆထားသော ဤဌာနချုပ်၊ ဤအဖွဲ့အစည်းကြီးသည် ဆယ်စုနှစ် (၁) ခု ကျော်တွင် ပြိုကွဲမှုနှင့် ကြုံရလိမ့်မည်ဟု လည်းကောင်း၊ ခေါင်းဆောင်များ သည် လည်း စာအုပ်ကြီးများ တွင် ပါရှိသည့် ကွန်မြူနစ်ခေါင်း ဆောင်များ နှင့်မတူ။ စံထားရမည့် အရည်အသွေးများ ကင်းမဲ့သည် ကို တွေ့ရ လိမ့်မည်ဟု လည်းကောင်း၊ဂိုဏ်းဂဏအုပ်စုများ နှင့် စီးပွားရေး၊ လူမှုရေး၊ သ ပွ တ် အူ လို က် ၍ ဖောက်ပြန် ရှုပ်ထွေးမှုများ တွင် ကိုယ်တိုင်ပါဝင်ကြရလိမ့်မည်ဟု လည်းကောင်း၊ နိုင်ငံရေး ဖိနှိပ်မှုများကြောင့် ဘဝပျက်ခြင်း၊ နောက်ဆုံးတွင် အသက်သွေးပေး

ရခြင်းများကို ကြုံတွေ့ရလိမ့်မည်ဟု ရေးရေးမျှ မစဉ်းစားမိခဲ့ကြချေ။ သူတို့ ကား ဗကပ ဘဝအစနှင့်အတူ လူ့ဘဝအဆုံးကို စတင်ခဲ့ကြလေပြီ။

* * *

## အခန်း (၂)

## မြို့ပြမှ သည့် တရုတ်-မြန်မာ နယ်စပ်ဒေသသို့

၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ ခုနှစ်များ တွင် ဖြစ်ပွားခဲ့သော မြို့ပေါ်အလုပ်သမားအရေး အခင်းနှင့် ကျောင်းသားအရေးအခင်းများ တွင် ပါဝင်လှုပ်ရှားခဲ့ကြပြီး အစိုးရမှ ဖမ်းဆီး အရေးယူမည်ကို ကြောက်လန့်သဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသော ဗမာပြည် ကွန်မြူနစ်ပါတီ လိုလားသူ အလုပ်သမားများ ၊ ကျောင်းသားများ သည့် တရုတ်-မြန်မာနယ်စပ်ရှိ ဗမာပြည် ကွန်မြူနစ်ပါတီ အခြေခံဒေသသို့ နှစ်စဉ်လိုလို တောခိုရောက်ရှိခဲ့ကြရာ အရေ အတွက် အရာရာနှင့်ချီသော်လည်း တစ်ဦးနှင့်တစ်ဦးချီသော်လည်း တစ်ဦးစနှစ်ဦးစ ၊တစ်သုတ်စနှစ်သုတ်စမူးစုပဲစုနှင့်ပင် ၁၉၇၇ ခုနှစ် ရောက်သောအခါ တစ်ရာမပြည့်တပြည့် အရေအတွက် တောခိုရောက်ရှိပြီး ဖြစ်နေပါသည် ။

တောခိုလာကြသူများ တွင် အလုပ်သမားဘဝမှ လည်းကောင်း၊ ဝ န် ထ မ်း ဘ ဝ မှ လည်းကောင်း ထွက်လာခဲ့သူတစ်ဦးနှစ်ဦးပါဝင်သော်လည်း ဘွဲ့ရပြီးသည် ဖြစ်စေ၊ ဘွဲ့ မရသေးသည် ဖြစ်စေ တက္ကသိုလ်ကျောင်းသားဘဝမှ လာခဲ့ကြသူ အများ စုဖြစ်ပေသည် ။ ထို့ကြောင့်လည်း ဒေသခံပြည်သူလူထုများ

အကြားတွင် လည်းကောင်း ၊မူလလက်ဟောင်း ကွန်မြူနစ်တပ်မှူး၊ တပ်သားများ အတွင်းတွင် လည်းကောင်း၊ တရုတ်စကားဖြင့် တော့ ရွယ်စင်း (ခ) တက္ကသိုလ်ကျောင်းသားများ ရောက်လာကြပြီဟု ပြောကြဆိုကြ သတင်း စကားများ ပျံ့နှံ့နေသည် ။ အံ့ဩကြ၊ အထင်ကြီးကြသည် ။

တောခိုလာကြသူများ သည် လည်း နိုင်ငံရေးဝေါဟာရဖြင့်ဆိုလျှင် 'တက်ကြွ' နေ ကြသည် ။ ''အခုမှ မိခင်ရင်ခွင်ထဲရောက်လာသလိုပဲ'' ဟု ပြောဆိုခံစားနေကြသူများ လည်း ရှိသည် ။ သစ်ရွက်စိမ်းရောင် ယူနီဖောင်း အသစ်ကျပ်ချွတ်များကို ဝတ်ဆင်ကာ ကြယ်နီတံဆိပ် တပ်ဆင်ထားသော စစ်ဦးထုပ်များ ဆောင်း၍ မြောက်ကြွမြောက်ကြွ ဖြစ် နေကြသည် ။ အသက်အရွယ်အားဖြင့် နှစ်ဆယ်ပတ်ဝန်းကျင်၊ သုံးဆယ်ပတ်ဝန်းကျင် အများ စုဖြစ်ရာ အရွယ်ကောင်းများ ဟု ပြော၍ ရပါသည် ။

''ကျွန်တော်တို့ လက်နက်ကိုင်တော်လှန်ရေးထဲလာမယ်လို့ ပိုင်းဖြတ်တုန်းက လက် နက်ကိုင်တော်လှန်ရေးထဲမှာ တော့ ဆင်းဆင်းရဲရဲ၊ စုတ်စုတ်ပြတ်ပြတ်နဲ့ နေဝင်းတပ်တွေ လိုက်တိုက်လို့ ပြေးလွှား ပုန်းအောင်းနေရမှာ ပဲလို့ ထင်ခဲ့တာ။ အခုလို နေရစားရမယ် လို့ မထင်ပါဘူးဗျာ'' ဟု ပြောကာ မုန်ညင်းဟင်းရည်ကြဲကိုစားရင်း တော်လှန်ရေးဆန် သော စကားလုံးများကို သတိထားပြောကြားရင်း ကျေနပ်နေသူလည်း ရှိသည် ။

တော်လှန်ရေးဆန်သော စကားလုံးများကိုသာ သုံးစွဲရမည်ဟု ကား ဗမာပြည်ကွန် မြူနစ်ပါတီမှ ဥပဒေထုတ်ထားခြင်းတော့မရှိ။ သို့သော် ဤတောခိုကာစ 'တက်ကြွ' နေသော ''ကွန်မြူနစ်မျိုးဆက်သစ်''များ

သည် အလွန် တော်လှန်ရေးဆန်လိုနေကြသဖြင့် စကားလုံးအသုံးအနှုန်းများကို အထူးရွေးချယ် သုံးစွဲနေကြခြင်းဖြစ်ပေသည် ။ ''တောခို လာသည် '' ဟု မပြော။ ''လက်နက်ကိုင် တော်လှန်ရေးလာလုပ်သည် ''ဟု ပြောသည် ။ ''အစိုးရတပ်'' ဟု မပြော၊ ''နေဝင်းတပ်၊ ကြေးစားတပ်၊ ရန်သူ'' ဟု သုံးသည် ။ အမှန်စင်စစ်လည်း မူလလက်ဟောင်း ကွန်မြူနစ်ခေါင်းဆောင်များ ကိုယ်တိုင် ပင်လျှင် တစ်ဖက်ကိုတော့ ''မဆလ'' ဟု အတိုကောက်ခေါ်ပြီး မိမိဘက်ကို ''ဗကပ'' ဟု အတိုကောက်ခေါ်လျှင် မကြိုက်။ မနှစ်သက်။ ရန်သူသုံးစွဲသော အသုံးအနှုန်းကို သုံးသည် ဟု ယူဆသည် ။ အလျဉ်းသင့်လျှင် တားမြစ်သည် ။ မိမိပါတီနှင့် ပတ်သက်လျှင် ''ပါတီ'' ဟု အဖျားဆွတ်ခေါ်မှ ကြိုက်သည် ။ ထို့ကြောင့်လည်း နောက်ပေါက် 'လက်နက်ကိုင် တော်လှန်ရေးသမား' များ ထံ ဤသို့ ဝေါဟာရဂရုစိုက်သည့်ရောဂါ ကူးစက် သွားသည် မှာ ဆန်းလှသည် တော့မဟုတ်။

အဆိုပါ တောခိုလာကာစ 'ရဲဘော်သစ်' များ သည် ထိုအချိန်က ဗမာပြည် ကွန်မြူနစ်ပါတီ အရှေ့မြောက်ပိုင်းစစ်ဒေသ (မြစ်အနောက်ဘက်) နယ်မြေရှိ တပ်များ ဌာနများ တွင် ဖြန့်ခွဲပါဝင်၍ တာဝန်ထမ်းဆောင်ကြရသည် ။

ဤသို့ ဖြန့်ခွဲတာဝန်ပေးမှုကို တရုတ်ပြည်အတွင်းရှိ အဝေးရောက် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ ဖွဲ့စည်းပေးထားသော ဗဟိုအလုပ်အဖွဲ့က တာဝန်ယူ ဆောင်ရွက်သည် ။ တောခိုလာသူများ ရှိသည် နှင့် ၄င်းတို့ တစ်ဦးစီ၏ ကိုယ်ရေးရာဇဝင်များ ကို မှတ်တမ်းတင်ခြင်း၊ လိုအပ်သော စစ်ဆေးမေးမြန်းချက်များ

ပြုလုပ်ခြင်းများကို ဗဟိုအလုပ်အဖွဲ့မှ ဆောင်ရွက်ပြီး တစ်ဦးစီ၏ နိုင်ငံရေး ရေချိန်အရ စိတ်ချယုံကြည်ရမှု အတိုင်းအတာကို အကဲဖြတ်သည် ။ ''လူကောင်းများကိုလည်း တစ်ယောက်မှ လက်မလွှတ် စေရ၊ လူဆိုးများကိုလည်း တစ်ယောက်မှ ဝင်မလာစေရ'' ဟူသော မော်စီတုန်း၏ စည်း ရုံးသိမ်းသွင်းမှုပေါ်လစီကို ကျင့်သုံးသည် ဟု သူတို့ ပြောလေ့ရှိသည် ။ စင်စစ်မှာ မူ အဝေး ရောက်ဗဟိုမှ တိုက်ရိုက်ဖွဲ့စည်းထားသော မြေအောက်အဖွဲ့အစည်းများ နှင့် ဆက်နွယ်မှု ရှိသူများ ၊ မြေအောက်အဖွဲ့အစည်းမှ တာဝန်ခံနိုင်သူများကို အယုံကြည်ဆုံးဖြစ်သည် ။ လက်ရင်းများ ဟု သဘောထားသည် ။ ဤကဲ့သို့သော 'လက်ရင်းများ ' ကို ဗဟိုယူနစ်များ ၊ ဗဟိုအဖွဲ့အစည်းဌာနများ တွင် ထည့်သွင်း၍ တာဝန်ပေးသည် ။

မြေအောက်အဖွဲ့အစည်းမှ အာမ မခံနိုင်သူများ ၊ နိုင်ငံရေးရေချိန်နိမ့်သည် ဟု ယူဆ ရသူများ ၊ သိပ်စိတ်မချရသူများကို အဆင့်အတန်း ခွဲခြားအကဲဖြတ်ပြီး 'လက်ရင်းမကျ တကျ' များကို အရှေ့မြောက်ပိုင်းစစ်ဒေသ (မြစ်အနောက်ဘက်) လက်အောက်ခံရုံး ဌာနများ တွင် နေရာချကာ 'လက်ဖျား' များကိုကား အရှေ့မြောက်ပိုင်းစစ်ဒေသ (မြစ် အနောက်ဘက်) လက်အောက်ခံ ရှေ့တန်းတပ်မဟာ (၂) သို့ စေလွှတ်၍ တာဝန်ထမ်း ဆောင်စေလေသည် ။

''လက်နက်ကိုင် တော်လှန်ရေးကာလမှာ ရဲဘော်တွေကို စမ်းသပ်တဲ့ အခါ အကောင်းဆုံးစမ်းသပ်နည်းကတော့ လက်နက်ကိုင်တိုက်ခိုင်းတာပဲ၊ ဗန်းမော်က လူငယ် တွေ တစ်အုပ်ကြီးရောက်လာတယ်။ သူတို့ နောက်ကြောင်းတွေကလည်း မရှင်းမလင်း၊ အာမခံမယ့်လူကလည်း မရှိ၊ သည် တော့

ကျွန်တော်ကပြောလိုက်တယ်။ တပ်ထဲပို့လိုက်၊ တပ်မဟာ (၂) ကို ပို့လိုက်တယ်။ မခံနိုင်တဲ့ ကောင် ထွက်ပြေးလိမ့်မယ်။ ခံနိုင်ရည်ရှိတဲ့ အကောင် တက်လာလိမ့်မယ်'' ဟု ထိုအချိန်က အရှေ့မြောက်ပိုင်းစစ်ဒေသ ဒုတိယ နိုင်ငံရေးမှူး ရဲဘော်စိုးသိမ်း (ခ) လင်ထင်က ပြောကြားခဲ့သည် ။

ထို့ကြောင့် ၇၀ ပိုင်းတွင် ရှေ့ဆင့်နောက်ဆင့် တောခိုလာခဲ့ကြသူများ သည် အရှေ့ မြောက်ပိုင်းစစ်ဒေသ (မြစ်အနောက်ဘက်)နယ်မြေရှိ ရှေ့တန်းတပ်မဟာ (၂) တွင် လည်း ကောင်း၊ စစ်ဒေသ နိုင်ငံရေးဌာနတွင် လည်းကောင်း၊ ဗဟိုအလုပ်အဖွဲ့လက်အောက်ခံ ဌာနများ တွင် လည်းကောင်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ မတူညီသော ယုံကြည်စိတ်ချမှု အတိုင်းအတာများ အရ မတူညီသော နေရာဌာနများ တွင် တာဝန်ထမ်းဆောင်ခဲ့ကြရလေသည် ။ ဤသို့ မတူညီသော နေရာချထားမှုသည် တရားသည် ၊ မတရားသည် မှန်ကန် သည် ၊ မမှန်ကန်သည် ဆိုခြင်းထက် အလွန်တက်ကြွကနေသော မတိမ်းမယိမ်း တောခိုလာခဲ့ ကြသူများကြား စိတ်ဝမ်းကွဲပြားမှု သန္ဓေတည်လာခဲ့သော အချက်တစ်ချက် ဖြစ်ခဲ့သည် ဆို ပါမူ သင့်လျော်အံ့ထင်၏ ။

ထို့ကြောင့်လည်း ရှေ့တန်းတပ်မဟာ (၂) တပ်ထဲတွင် ခြေလျင်တပ်သားများ အဖြစ် လည်းကောင်း၊ အမြောက်တပ်သားများ အဖြစ်လည်းကောင်း၊ မြင်းထိန်းများ အဖြစ် လည်းကောင်း၊ စကားမပေါက် ဘာမပေါက် တာဝန်ယူနေကြရသော 'ဗမာရဲဘော်သစ်' များက ''နောက်တန်း မုန်းကိုးကကောင်တွေကတော့ဟော့ လျှပ်စစ်မီးတွေ ဘာတွေနဲ့ ဂစ်တာတီးလိုက်၊ သီချင်းဆိုလိုက်နဲ့ ဆိုရှယ်လစ်ခေတ်ရောက်နေတာကွ'' ဟု နောက် တန်းရုံးဌာနများမှ 'ဗမာရဲဘော်သစ်'များအား ငြူစူစကား ပြောလာသည် မှာ လည်း

မဆန်း။ နောက်တန်း မုန်းကိုးတွင် လည်း စစ်ဒေသနိုင်ငံရေးဌာနမှ 'ဗမာရဲဘော်သစ်'များက ''ဒီကောင်တွေနဲ့ စကားပြောရင် ကြည့်ပြောဟေ့၊ နည်းနည်းမှ အတိမ်းအစောင်း မခံဘူး၊ သူတို့ အဖေကြီးတွေကို သွားသွားတိုင်တယ်။ ဒီကောင်တွေက ဗဟိုကော်မတီဖြစ်မယ့် ကောင်တွေ'ဟု ဗဟိုအလုပ်အဖွဲ့ဌာနများ ရှိ'ဗမာရဲဘော်သစ်' များအား အမနာပစကားတွေ ပြောထွက်လာသည် မှာ လည်း မဆန်းပါချေ။

ထိုအချိန်က ဗမာပြည် ကွန်မြူနစ်ပါတီ အရှေ့မြောက်ပိုင်းစစ်ဒေသ (မြစ်အနောက် ဘက်) နယ်မြေဆိုသည် မှာ ၁၉၆၈ ခုနှစ်မှ အစပြု၍ တိုက်ခိုက်သိမ်းပိုက် အုပ်ချုပ်ထား နိုင်ခဲ့သော သံလွင်မြစ် အနောက်ဘက်ခြမ်းရှိ ဖောင်းဆိုင်၊ မုန်းယား၊ မုန်းဟောင်၊ မုန်းကိုး၊ မုန်းပေါ်၊ ကြူကုတ်ပန်ဆိုင်း၊ မန်ဟီးရိုးဒေသများ ဖြစ်ပါသည် ။ ၄င်းနယ်မြေရှိ ဗမာပြည် ကွန်မြူနစ်ပါတီ နောက်တန်း ဌာနရုံးများကို မုန်းကိုးတွင် အခြေစိုက်ထားလေသည် ။ တရုတ်ပြည်အတွင်းရှိ အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုမှ လည်း ၄င်း၏ ဗဟိုယူနစ်ရုံးဌာနအချို့ကို မုန်းကိုးသို့ လာရောက်အခြေစိုက် ထားခဲ့သည် ။ မုန်းကိုးသည် တရုတ်-မြန်မာ နယ်စပ်မျဉ်းနှင့် နီးကပ်စွာ တည်ရှိသော မြန်မာ့ နယ်နိမိတ်အတွင်းရှိ ဈေးရွာတစ်ရွာဖြစ်သည် ။ ကချင်၊ တရုတ်၊ ရှမ်းလူမျိုးများ မှီတင်း နေထိုင်ကြပြီး ကချင်စကား၊ တရုတ်စကား၊ ရှမ်းစကားများ ပြောဆိုသုံးစွဲကာ တရုတ် စကား အဓိက သုံးစွဲသည် ။ ပတ်ဝန်းကျင် ကျေးရွာများ နှင့် လမ်းပန်းဆက်သွယ်မှုကောင်း ပြီး မြောက်ဘက်ရှိ တရုတ်ပြည်နယ်စပ် မြို့ကလေးတစ်မြို့ဖြစ်သော မန်ဟိုင်းမြို့နှင့်လည်း အလှမ်းမဝေးသဖြင့် ရောင်းဝယ် ဖောက်ကားရန် အဆင်ပြေသော ရွာတစ်ရွာဖြစ်သည် ။

မုန်းကိုးရွာသည် ပြန့်ပြူးသော တောင်ကြားလွင်ပြင် (သို့မဟုတ်) ကွင်းပြန့်တစ်ခုထဲတွင် ရှိရာ မုန်းကိုးရွာကိုပင် အစွဲပြုပြီး ၎င်းကွင်းပြန့်ကို ဒေသခံ တိုင်းရင်းသား ပြည်သူများ က မုန်းကိုးကွင်းဟု ခေါ်ကြသည် ။

မုန်းကိုးတွင် ဗမာပြည် ကွန်မြူနစ်ပါတီ အရှေ့မြောက်ပိုင်း စစ်ဒေသ (မြစ်အနောက် ဘက်) နိုင်ငံရေးဌာန၊ ထောက်ပံ့ရေးဌာန၊ လုံခြုံရေးဌာနတို့ အခြေစိုက်ထားပြီး ဗဟိုယူ နစ်များ ဖြစ်ကြသော နယ်စပ်အုပ်ချုပ်ရေးဒေသ၊ ဗဟိုအလုပ်အဖွဲ့မှ ဦးစီးသော မြေအောက် လုပ်ငန်းဌာန၊ ဝါဒဖြန့်ချီရေးဌာန၊ ဘာသာပြန်နှင့် ပုံနှိပ်လုပ်ငန်း ဌာနများ လည်း အခြေစိုက် ထားပေသည် ။

ယခင် ၁၉၆၈ ခုနှစ်၌ မုန်းကိုးသို့ ဗမာပြည် ကွန်မြူနစ်ပါတီ စတင်ဝင်ရောက်လာ ကာစကမူ ခေါင်းဆောင်ပိုင်းတွင် သာ ဗမာလူမျိုးတစ်ဦး၊ နှစ်ဦးခန့် ပါဝင်သဖြင့် ဗမာ စကားသံ မလွှမ်းမိုးခဲ့ဘဲ ၁၉၇၀ ခုနှစ် နောက်ပိုင်း အထူးသဖြင့် ၁၉၇၆၊ ၁၉၇၇ ခုနှစ် များ တွင် တောခိုလာခဲ့သူများကြောင့် မုန်းကိုးတွင် ဗမာစကားသံ လွှမ်းမိုးလာခဲ့ပေသည် ။ သို့သော် ဒေသခံပြည်သူများ သည် လည်းကောင်း၊ ပြည်သူ့တပ်မတော် (ခ) ကွန်မြူနစ် စစ်တပ်အတွင်းတွင် လည်းကောင်း တရုတ်စကားကိုသာ အဓိက ပြောဆို သုံးစွဲနေကြ သည် ဖြစ်ရာ ဤနောက်ပိုင်း တောခိုသူများ အဖို့ ကွာဟမှုကြီးတစ်ခုကို စတင် ခံစားခဲ့ ကြရပေသည် ။

သို့ရာတွင် ဤနောက်ပိုင်း တောခိုလာသူများ အနက် အများ စုသည် ကွန်မြူနစ် ဝါဒကို လည်းကောင်း၊ ယခင် ပဲခူးရိုးမရှိ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ လမ်းစဉ်ပေါ်လစီဆိုင်ရာ

စာရွက်စာတမ်းများကို လည်းကောင်း တစ်စုံတစ်ရာ လေ့လာခဲ့ကြသူများ ဖြစ်သည့်ပြင် ကွန်မြူနစ်ပေါက်စတို့ ၏ အစဉ်အလာအတိုင်း အလွန်တရာ တက်ကြွနေသူများ ဖြစ်ရာ ကြုံတွေ့ရသမျှ အခက်အခဲနှင့် ကွာဟမှုများကို ကျော်ဖြတ်ရန် အသင့်ဖြစ်နေကြလေသည် ။

ထို့ကြောင့် သူတို့ သည် သက်ဆိုင်ရာ ဗမာပြည်ကွန်မြူနစ်ပါတီ အဖွဲ့အစည်းများ က စနစ်တကျ စီစဉ်မပေးသည့်တိုင် မိမိတို့ ဘာသာ တရုတ်စာ၊ တရုတ်စကားများ ၊ ဂျင်းဖော စာ၊ ဂျင်းဖောစကားများ ၊ ရှမ်းစာ၊ ရှမ်းစကားများကို သန်ရာ သန်ရာ ကြိုးစား ပန်းစား လေ့လာကြသည် ။ ဗမာပြည် ကွန်မြူနစ်ပါတီမှ သိမ်းသွင်းထားသည့် ဒေသခံ တိုင်းရင်းသား အမျိုးသမီး၊ အမျိုးသား ရဲဘော်များ နှင့် တသားတည်းကျအောင် ကြိုးစား နေထိုင်ကြသည် ။

မုန်ညင်းဟင်းရည်ကျဲကို နေ့စဉ်စားရပြီး ငါးရက်တစ်ဈေးဖြစ်သော ဈေးနေ့ရောက် မှ အသား သို့မဟုတ် အရိုးဟင်း တစ်နပ်သာစားရသော နေထိုင်စားသောက်မှုနှင့် ပတ် သက်၍ လည်း မညည်းညူခဲ့ကြ။

လစာမရှိ။ တစ်လမှ တစ်ခါ အသေးသုံးဟူ၍ သုံးချင်ရာသုံးရန် ထုတ်ပေးသော ငွေ (၁၀) ကျပ်နှင့်ပင် ရောင့်ရဲကြသည် ။ ဆေးလိပ်ဖြတ်သူက ဖြတ်သည် ။ ဆေးလိပ် မဖြတ်နိုင်သူက ယာလျှန် (ခ) ရှမ်းဓားလှီးဆေးများ ဝယ်ပြီး ပွတ်ချွန်းလိပ်သောက်ကြသည် ။ သွားတိုက်ဆေး၊ ဆပ်ပြာ မျှတ သုံးစွဲကြသည် ။

ငါတို့ သည် မြို့နေ ခနရှင်ပေါက်စ လူတန်းစားမှ လာကြသူများ ဖြစ်သည် ။ ယခု ငါတို့ သည် တော်လှန်ရေးသမားများ ဘဝ ခံယူပြီး ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲလိုသူများ ဖြစ်သည် ။ ကမ္ဘာကြီးကို

ပြုပြင်ပြောင်းလဲလိုသူများ သည် မိမိကိုယ်မိမိ ဦးစွာ ပြောင်းလဲ ရမည်။ ထို့ကြောင့် ငါတို့ သည် အလုပ်သမား၊ လယ်သမားဘဝကို ခံယူမည်ဟု သန္နိဋ္ဌာန် ချကြကာ ထင်းခုတ်၊ ဝါးခုတ်၊ ထင်းထမ်း၊ ဝါးထမ်း၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်၊ စပါးရိုက်၊ ဘဲကျောင်း၊ ကျွဲကျောင်း၊ မြင်းထိန်း၊ ထမင်းချက်စသည့် လုပ်ငန်းများကို ပြင်းပြင်းထန်ထန် လုပ်ကိုင်ခဲ့ကြသည် ။

မုန်းကိုးတွင် ပုံမှန် စနစ်တကျ ဖွင့်လှစ်ထားသော စ စ် ကျော င်း မ ရှိ သော် လ ည်း သက်ဆိုင်ရာတပ်၊ ဌာနအလိုက် အလျဉ်းသင့်သလို ဖွင့်လှစ်သင်တန်းပေးသော လက်နက် ငယ်ဆိုင်ရာ မိုင်းဆိုင်ရာ ရက်တိုသင်တန်းများကို စိတ်ပါဝင်စားစွာ တက်ရောက်ကြသည် ။ လူတိုင်းက ရှေ့တန်းတပ်ထဲ ထည့်ပေးရေး တောင်းဆိုကြသည် ။ တောခို ကျောင်းသူ ရဲမေများကပင် ရှေ့တန်း သွားလိုကြောင်း တောင်းဆိုကြသည် ။ ဤလူငယ် အများ စု သည် အပင်ပန်း အဆင်းရဲခံရမှုများကို ကျော်နင်းရုံသာမက အသက်ကိုပါ စွန့်လွှတ်ရန် ဆုံးဖြတ်ချက် ချလိုက်ကြလေသည် ။ မျက်မှန်စိမ်းကား တပ်မိလေပြီ။

* * *



တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် မော်စီတုန်းနှင့်သခင်ဗသိန်းတင် (၁၉၆၃)

# အခန်း (၃)

# အရှေ့မြောက်ဒေသ၏ ကနဦးကာလများ

## (က) အကြိုကာလ

ဗမာပြည်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်တွင် ကွန်မြူနစ်ပါတီ အာဏာမရမီ စောစွာကတည်းကပင် တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် ကြိုးပမ်းခဲ့၏ ။ ၁၉၄၅-၄၆ ခုနစ်များ အတွင်း ''ရဲဘော်အေးငွေ ခေါ် ရဲဘော် ဝူမင်'' အား တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် စေလွှတ်ခဲ့၏ ။ သူသည် မြန်မာပြည်ပေါက် တရုတ် အမျိုးသားဖြစ်သော်လည်း တရုတ်စကားမပြောတတ်ပေ။သူသည် လားရှိုး-ကွတ်ခိုင်လမ်း မှ ဖြတ်ကာ မူဆယ် နမ့်ခမ်းမှ တစ်ဆင့် တရုတ်ပြည် ယူနန်ပြည်နယ်သို့ ဝင်ရောက်ခဲ့၏ ။ ထိုစဉ်က ယူနန်ပြည်နယ်တွင် ကူမင်တန်တပ်များ အုပ်ချုပ်နေ၏ ။ ယင်းအနီးသို့ အရောက် သွားရန် ရည်ရွယ်ချက်ရှိသော်လည်း ရဲဘော်အေးငွေသည် အခက်အခဲ အမျိုးမျိုးနှင့် ကြုံတွေ့ကာ ယူနန်ပြည်နယ်ထဲတွင် ပင် သောင်တင်နေ၏ ။ အလုပ်ပေါင်းစုံ လုပ်ကိုင်ရပ် တည်ရင်း နောက်ဆုံးအင်္ဂလိပ်စာ ကျူရှင်ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုပြီး ဇာတ်မြှုပ်နေထိုင်ခဲ့၏ ။

၁၉၅၀-၅၁ ခုနှစ်တွင် အခြားလမ်းကြောင်းမှ အဆက်အသွယ်ရကာ ရဲဘော် အောင်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်တွင်းသို့ ဝင်ရောက်သွား၏ ။ ထိုအချိန်တွင် တရုတ် ပြည် ကွန်မြူနစ်ပါတီ အာဏာရပြီးချိန် ဖြစ်၏ ။ ထို့နောက် ၁၉၅၁ ခုနှစ်အတွင်းတွင် သခင်ဗသိန်းတင်နှင့် အင်အား (၄၀) သည် လည်းကောင်း၊ သခင်သန်းမြိုင်၊ သခင်ပု နှင့် အင်အား (၂၄) ယောက်အဖွဲ့သည် လည်းကောင်း လမ်းကြောင်းအသွယ်သွယ်မှ

တရုတ်ပြည်တွင်းသို့ ဆက်လက်ဝင်ရောက်ခဲ့ကြသည် ။ ၄င်းအင်အားစုများ ပူးပေါင်းကာ ၁၉၅၄ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက်ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့၏ ။ သခင်ဗသိန်းတင်သည် ထိုစဉ်က ဒုတိယဥက္ကဋ္ဌ သခင်ဖေတင့်၊ သခင်သန်းမြိုင်တို့ မှာ ပေါ်လစ် ဗျူရိုအဖွဲ့ဝင်များ ဖြစ်ကြ၏ ။

ထိုစဉ်က ဥက္ကဋ္ဌ မော်စီတုန်း အမှူးပြုသော တရုတ်ကွန်မြူနစ်ပါတီသည် ဗမာ ပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုအဖွဲ့ကို နိုင်ငံတကာ ညီနောင်ပါတီရဲဘော်များ အဖြစ်လက်ခံကြိုဆိုခဲ့၏ ။ အထူးအခွင့်အရေးများ ပေးအပ်ကာ စားဝတ်နေရေးကို တာဝန် ယူထားခဲ့၏ ။ ကေဒါပိုင်းကို ပီကင်းမာ့က်(စ်)လီနင်ဝါဒတက္ကသိုလ်တွင် နိုင်ငံရေး၊ စစ်ရေး လုပ်ငန်းများ တက်ရောက်သင်ယူစေခဲ့၏ ။ ရဲဘော်အများ စုကို ဇီချွမ်းပြည်နယ်တွင်းရှိ စက်ရုံများ တွင် အလုပ်သမားများ အဖြစ် နေရာချထားခဲ့၏ ။ ဇီချွမ်းပြည်နယ်မြို့တော်ချင်တူး နှင့် နန်ချန်းနေ့ကျန်းတစ်ဝိုက်တွင် ဖြညစ်၏ ။၄င်း အဖွဲ့များ အပြင် နိုင်ငံရပ်ခြားတွင် ပညာသင် ကြားနေကြသော ဗမာပြည်ကွန်မြူနစ်ပါတီဝင်များ သည် လည်းကောင်း၊ လုပ်ငန်းမျိုးစုံ လုပ်ကိုင်နေကြသော ပါတီဝင်များ သည် လည်းကောင်း တရုတ်ပြည်သို့ ထပ်မံဝင်ရောက် စုစည်းလာကြ၏ ။ ချက်ကိုစလိုဗေးကီးယားမှ အဖွဲ့၊ မော်စကိုတွင် ရှိသော အဖွဲ့များ သည် လည်း အဝေးရောက်ဗဟိုသို့ ဆက်သွယ်စုစည်းလာကြ၏ ။ ရဲဘော် ခင်မောင်ကြီး၊ ရဲ ဘော် ခင်ဝင်းခေါ် ထွန်းအောင်နှင့် မင်းလတ်ရဲခေါင်တို့ သည် ချက်ကိုစလိုဗက်မှ ရောက် လာကြ၏ ။ ၁၉၅၅ နောက်ပိုင်း တရုတ်၊ ဆိုဗီယက် သဘောထား ကွဲလွဲကြရာတွင် အဝေးရောက်

ဗဟိုကော်မတီက မော်စကိုရှိ ဗမာကျောင်းသားများကို ပီကင်းသို့ ပြန်ခေါ် ၏ ။ ရဲဘော်အချို့ မော်စကိုတွင် ကျန်ရစ်ပြီး ရဲဘော်စံသူ (ခ) လင်စန်၊ ရဲဘော်သိန်းအောင် (ဒေါ်ခင်မျိုးချစ်၏ မောင်) (ခ) ရဲဘော်လွင်တို့ သာ ပြန်လည်ရောက်ရှိလာကြလေသည် ။ အဝေးရောက်ဗဟိုတွင် သခင်ဗသိန်းတင်၊ သခင်ဖေတင့်နှင့် သခင်သန်းမြိုင်တို့ ဦးဆောင်လျက်ရှိ၏ ။ တရုတ်\ ဆိုဗီယက်ကွဲလွဲမှုနှင့် ပတ်သက်၍ ခေါင်းဆောင်မှုထဲတွင် အမြင်နှစ်ရပ်၊ သဘောထားနှစ်ရပ် ကွဲလွဲခဲ့၏ ။

ဆိုဗီယက်ကွန်မြူနစ်ပါတီသည် မာ့က်လီနင်ဝါဒကို ကျောခိုင်း၍ အခြေခံမှုများကို ချိုးဖောက်လိုက်သော ပြန်လည်ပြင်ဆင်ရေးပါတီ ဖြစ်၏ ။ ခရုးရှော့ဗ်အုပ်စုသည် သစ္စာ ဖောက်အုပ်စုဖြစ်ပြီး ဆိုဗီယက် ကွန်မြူနစ်ပါတီသည် ဖောက်ပြန်ရေးပါတီ ဖြစ်၏ ။ တရုတ်ပြည် ကွန်မြူနစ်ပါတီသည် ထိုပြည်နယ်ကွန်မြူနစ်ပါတီသည် ထိုပြည်နယ် ပြင်ဆင်ရေးဝါဒကို ဆန့်ကျင်တိုက်ခိုက်သော စစ်မှန်သည့် မာ့က်လီနင်ဝါဒ ပါတီ ဖြစ်၏ ။ မာ့က်(စ်)လီနင်ဝါဒကို ဆက်ခံကာကွယ်၏ ။ ထို့ကြောင့် တိုးတက်သော ၊ တော်လှန်သော ပီကင်း(ပေကျင်း)နှင့် ပူးပေါင်းကာ နိုင်ငံတကာ ကွန်မြူနစ် လှုပ်ရှားမှုအတွင်းတွင် မော်စကိုကို 'ဖွင့်ချတိုက်ခိုက်' သွားရမည်။ ထိုအမြင်နှင့် သဘောထား ကို သခင်ဗသိန်းတင်၊ သခင်ဖေတင့်တို့ အမှူးပြုသည့် ကေဒါ၊ ရဲဘော်အများ စုက ကိုယ်စားပြုသည် ။

ပီကင်း (ပေကျင်း) နှင့် မော်စကို ကွဲလွဲငြင်းခုံမှုသည် အာဏာရရှိပြီး ပါတီကြီး နှစ်ရပ်၏ ပြဿနာသာ ဖြစ်၏ ။ အာဏာမရသေးသော ကွန်မြူနစ်ပါတီများ နှင့် ဖြစ်စေ၊ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုကိုဖြစ်စေ ဂယက်ရိုက်ခတ်၏ ။ ထို့ကြောင့် ပီကင်း

(ပေကျင်း )နှင့် မော်စကို ညီညွတ်ရေးသည် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုနှင့်ကမ္ဘာ့သေနင်္ဂ ဗျူဟာတွင် အရေးကြီး ပြဿနာ ဖြစ်၏ ။ ထို့ကြောင့် ''ပီကင်း''၊ ''မော်စကို'' ညီညွတ်ရေးအတွက် လုံးပမ်းဆောင်ရွက်ကြရမည်။ ထိုအမြင်နှင့် သဘောထားကို သခင်သန်းမြိုင် အမှူးပြုသည့် ကေဒါနှင့် ရဲဘော်အချို့က ကိုယ်စားပြုသည် ။

သခင်သန်းမြိုင်သည် မိမိ၏သဘာထားနှင့် အမြင်များကို အခြေခံကာဆိုဗီယက် ကွန်မြူနစ်ပါတီနှင့် စာရေးဆက်သွယ်ခဲ့သည် ဟု ဆို၏ ။ ထို့ပြင် သခင်ဗသိန်းတင်နှင့် တွေ့ဆုံသော ဆွေးနွေးပွဲတစ်ခု၌ စားပွဲအံဆွဲထဲတွင် သားလှီးဓားတစ်ချောင်း ဝှက်ထား သည် ဆို၏ ။ ထိုဓားဖြင့် ပီကင်းမြို့ထဲတွင် သခင်သန်းမြိုင်က သခင်ဗသိန်းတင်အား လုပ်ကြံသတ်ဖြတ်ရန် ကြံရွယ်ခဲ့သည် ဟု ဆိုသည် ။ ဤသည် မှာ ၁၉၇၅ ခုနှစ်တွင် အရှေ့ မြောက်သို့ ရောက်လာသော ပညာတတ်လူငယ်မျာက ပါတီခေါင်းဆောင်ဟောင်း သခင် သန်းမြိုင်နှင့် ပတ်သက်၍ မေးမြန်းစုံစမ်းကြရာ PB ရဲဘော်ထွန်းက စကားဝိုင်းတစ်ခု တွင် ရှင်းလင်းပြောပြခဲ့သော ဇာတ်လမ်း ဖြစ်လေသည် ။

ထိုကိစ္စများ အမှန်တကယ် ဟုတ်မဟုတ် မသိရသော်လည်း သခင်ဗသိန်းတင်က သခင်သန်းမြိုင်ကို ဖမ်းဆီး၍ပါတီမှ ထုတ်ပယ်ခဲ့ပြီး တရုတ်ပြည်တွင်း၌ ထောင်ချအပြစ် ပေးခဲ့သည် မှာ ကား အမှန်ပင်ဖြစ်လေသည် ။ ၁၉၈၂ ခုနှစ်တွင် မှ ထောင်မှ လွတ်ကာ အရှေ့တောင်အာရှရေးရာ သုတေသနဗျူရိုတွင် တာဝန်ထမ်းဆောင်နေကြောင်း အများ အသိ ပင် ဖြစ်၏ ။ သို့နှင့် အဝေးရောက်ဗဟိုတွင် သခင်ဗသိန်းတင်နှင့် သခင်ဖေတင့်တို့ ဆက် လက် ဦးဆောင်ခဲ့ကြ၏ ။

၁၉၆၃ စေ့စပ်ဆွေးနွေးပွဲကာလတွင် ရဲဘော်အောင်ကြီးနှင့် ကေဒါအချို့ ပဲခူးရိုးမ သို့ ပြန်ရောက်သွားကြ၏ ။ တရုတ်ပြည်တွင်း၌ သခင်ဗသိန်းတင်၊ သခင်ဖေတင့်နှင့် ရဲ ဘော်ဟောင်း (၈၀) ကျော် ကျန်ရစ်ခဲ့လေသည် ။

ထိုစဉ် တရုတ်ပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်မှုထဲဝယ် နိုင်ငံတကာပါတီချင်း ဆက်ဆံရေး၊ အစိုးရချင်း ဆက်ဆံရေးနှင့် ပတ်သက်သော ပေါ်လစီရေးရာတိုက်ပွဲများ ရှုပ်ထွေးနေ၏ ။ သဘောထားချင်း မတိုက်ဆိုင်သော ခေါင်းဆောင်များကို နည်းမျိုးစုံဖြင့် ဖယ်ရှားကာ မော်စီတုန်း၏ အာဏာကို ပါတီတွင်း၌ ခိုင်မာစွာစိုက်ထူရန် စိုင်းပြင်းနေသော ''မဟာယဉ်ကျေးမှုတော်လှန်ရေး'' ၏ အကြိုကာလပင် ဖြစ်လေသည် ။

၁၉၅၁ ခုတွင် ဗမာ့တပ်မတော်မှ တောခို နော်ဆိုင်း၏ တပ်သည် လည်း အင်အား (၃၅၀) ဖြင့် တရုတ်ပြည်တွင်းသို့ ဝင်ရောက်ခိုလှုံခဲ့၏ ။ ၎င်းတို့ အဖွဲ့သည် မူဆယ် နမ့်ခမ်း တစ်ဝိုက်တွင် ဆေးရုံမှ သူနာပြု အမျိုးသမီးများကို ဖမ်းဆီးခေါ်ဆောင်သွားကြ၏ ။ ဒေါ်ဟယ်လင်၊ ဒေါ်မာဂရက်၊ ဒေါ်နှင်းရီ စသည့် ကရင် သူနာပြုဆရာမများ ဖြစ်၏ ။ တရုတ်ပြည်ကွန်မြူနစ်ပါတီက ၎င်းအဖွဲ့အား ကွေ့ကျိုးပြည်နယ်၊ ကွေ့ယန်၊ စစ်ဖျင်းဒေသ မှ သတ္တုတွင်းများ တွင် နေရာချထားပေးခဲ့၏ ။ နော်ဆိုင်းအဖွဲ့သည် ကချင်အမျိုးသားများ ဖြစ်ကြ၏ ။

ထိုကာလတစ်ဝိုက်မှာ ပင် ကိုးကန့်လက်နက်ကိုင်အဖွဲ့သည် လည်း တရုတ်ပြည်သို့ ဝင်ရောက်ခိုလှုံခဲ့၏ ။ ဖုန်ကြားရှင်၊ ဖုန်ကြားဖု ခေါင်းဆောင်သော ကိုးကန့်သားများ ပါဝင်၏ ။ ၎င်းတို့ ကို နယ်စပ်ဒေသ အနီးတစ်ဝိုက်မှာ ပင် နေရာချထားပေးလေသည် ။

ထိုအချိန်တွင် ဇော်တူး၊ ဇော်တန် ခေါင်းဆောင်သော ကချင်လွတ်လပ်ရေးတပ် မတော်တပ်ဖွဲ့များ သည် လည်း တရုတ်ပြည်တွင် ဝယ် ဝင်ရောက်ခိုလှုံနေကြ၏။သူတို့ သည် စစ်ရေးသင်တန်းများ တွင် တက်ရောက်သင်ကြားနေကြလေသည်။

၁၉၆၇ ခုနှစ် ရန်ကုန်မြို့တွင် တရုတ်ကျောင်းသားများက မော်စီတုန်းတံဆိပ် တပ်ဆင်၍ ဗမာပြည်တွင်းတွင် မော်စီတုန်း ဩဇာကို မြှင့်တင်ထူထောင်ရန် ကြိုးပမ်းမှု များ ပေါ်လာ၏ ။ တရုတ်သံရုံး ၏ အကူအညီ၊ နန်ယန့်ကျောင်းနှင့် ဟွာကျုံးကျောင်းမှ တရုတ်ဆရာ၊ ဆရာမများ ၏ ဦးဆောင်မှုဖြင့် ထိုလှုပ်ရှားမှုများ သည် လွန်ကဲလာ၏ ။ ၎င်းတို့ ကို ဆန့်ကျင်သော မျိုးချစ်ဗမာကျောင်းသားများမှာ လည်း ပြန်လည် လှုပ်ရှားလာ ကြသည် ။ လူစုလူဝေးချင်းတွေ့ဆုံပြီး အဓိကရုဏ်းများ စတင်ဖြစ်ပွားလာ၏ ။ မျိုးချစ်စိတ် ပြင်းထန်သော တက္ကသိုလ်ပညာတတ် လူငယ်များက မော်စီတုန်းအလောင်း မီးရှို့သင်္ဂြိုဟ် ပွဲများ ပင် ကျင်းပခဲ့ကြလေသည်။

'ပြည်ကြီးကို ချစ်သည့် မြန်မာပြည်ပေါက် တရုတ်လူငယ်များ သည် လည်း အသုတ်လိုက်၊ အသုတ်လိုက်ပင် တရုတ်ပြည်သို့ ထွက်ခွာသွားခဲ့ကြလေသည်။

ထိုစဉ်က ရန်ကုန်တွင် နန်ယန်ကျောင်း၊ ဟွာကျုံးကျောင်းနှင့် မန္တလေးမှ ဟွာကျုံး ကျောင်းများ သည် မော်စီတုန်းကို ထောက်ခံသော အင်အားစုများ ဖြစ်၏ ။ မန္တလေးမှ ကွမ်းဟွာတရုတ်ကျောင်းမှာ ချန်ကေရှိတ်ကို ထောက်ခံသော ကျောင်းဖြစ်ပြီး၊ မန္တလေး အထက်ပိုင်း လားရှိုးကွတ်ခိုင်ဘက်တွင် ကွမ်းဟွာအင်အားစုများ များ လေသည် ။ ပြည်ကြီးပြန် ကျောင်းသားများမှာ ယွင်နန်ပြည်နယ်မြို့တော် ကူမင်တွင်

(၁၀၀၀) ကျော်၊ ကွမ်းရှီးပြည်နယ် နန်နင်မြို့တော်တွင် (၈၀၀) ခန့်နှင့် ဝူဟန်မြို့တွင် (၃၀၀) ကျော်ခန့် ဖြန့်ခွဲ၍ ကျောင်းတက်နေကြ၏။

၁၉၆၇ ခုနှစ်အရေးအခင်းနှင့် ပတ်သက်၍ ဗသိန်းတင်က ပီကင်းတွင် မိန့်ခွန်း တစ်ခု ပြောခဲ့၏ ။ ထိုမိန့်ခွန်းကို ၁၉၆၇ ဇူလိုင်လ (၈) ရက်တွင် ပီကင်းရေဒီယိုမှ အသံလွှင်ခဲ့၏ ။

''ကျွန်တော်တို့ ပါတီရဲ့ အင်အားဟာ တစ်ပြည်လုံးအနေနဲ့ ရာခိုင်နှုန်း ၅၀ တိုးတက် လာပါတယ်။ ကျွန်တော်တို့ ၏ ပြောက်ကျားအခြေခံ ဒေသတွေဟာ ပိုကျယ်ပြန့်လာပါ တယ်။ ပိုခိုင်မာလာပါတယ်။ ကျွန်တော်တို့ ရဲ့ တိုက်ခိုက်ရေးဒေသဟာ ခုချိန်မှာ ဆိုရင် တစ်ပြည်လုံးရဲ့ (၆၀) ရာခိုင်နှုန်းကျော်ကျော်ဖြစ်နေပါပြီ ' ဟု ပြောကြားခဲ့၏ ။ အမှန်စင်စစ် ထိုစဉ်က ပဲခူးရိုးမမှ ဗကပတပ်ဖွဲ့များ သည် တပ်မတော်၏ထိုးစစ်ဒဏ်ကို အလူးအလဲ ခံနေရချိန် ဖြစ်၏ ။ သို့ရာတွင် မိမိတို့ တပ်များ အောင်ပွဲရနေသယောင်ယောင် နိုင်ငံခြားတွင်လူထုကို လိမ်ညာခဲ့ခြင်းပင် ဖြစ်၏ ။ တရုတ်ခေါင်းဆောင်များကို လိမ်လည်ရန် ကြိုးစား ခဲ့ခြင်းလည်း ဖြစ်၏ ။ ကျွန်တော်တို့ ၏ပြောက်ကျားအခြေခံဒေသတွေဟာ ပိုကျယ်ပြန့်၊ ပိုခိုင်မာလာပါတယ်ဟု ဆိုသော်လည်း လက်တွေ့မှာ ပိုသေးကျုံ့၊ ပိုယိမ်းယိုင်ခဲ့ရုံမက နောက်ဆုံးတွင် သခင်သန်းထွန်းနှင့် သခင်ဇင်၊ သခင်ချစ်တို့ ပါ ကျဆုံးခဲ့ခြင်းမှာ သမိုင်း သက်သေပင် ဖြစ်ပေသည် ။

တစ်ဖန် မိန့်ခွန်းတစ်နေရာ၌ ''နေဝင်းက သေနတ်စဖောက်လိုက်တဲ့ အတွက် ဗမာပြည် လက်နက်ကိုင် တော်လှန်ရေးဟာ အမှန်ပဲ ခုန်ကူးလှည့်ပြောင်းသွားပါ တယ်။ တရုတ်ပြည်သူလူထု သန်း (၇၀၀) ကျော်ရဲ့ ထောက်ခံစာနာမှုကို အပြည့် အဝရပြီး နေဝင်းကို ဆန့်ကျင်တဲ့

ဗမာပြည်သူလူထု အများ တကာ့ အများ စုကြီး ဟာ ပိုပြီး သွေးစည်းတော့မယ့် အချိန်အခါ ဖြစ် လာပြီ'' ဟု ပြောခဲ့၏ ။

ဤသည် မှာ မြန်မာပြည်တွင်းမှ အခြေအနေမှန်များကို ဖုံးကွယ်ကာ အ ကူ အ ညီ များ တောင်းယူရရှိရန် စကားဦး သန်းခဲ့ခြင်းမျှသာ ဖြစ်လေသည် ။

''မနှစ်က အောက်တိုဘာမှာ ဆိုရင် ကျွန်တော်တို့ တပ်တွေဟာ နေဝင်းရဲ့ အိမ်နဲ့ (၂) မိုင်လောက်ဝေးတဲ့ လက်နက်ကိုင် ဌာနတစ်ခုကို ဝင်စီးခဲ့ပါတယ်။ နိုဝင်ဘာမှာ ရန်ကုန်မြို့ ဆင်ခြေဖုံးက သမဝါယမပစ္စည်းတွေကို ဝင်သိမ်းခဲ့ကြပါတယ်''

ဟု လည်း ပြောခဲ့သေး၏ ။

ဤအဖြစ်အပျက်မှာ အကြီးကျယ်ဆုံးသော လုပ်ကြံဇာတ်လမ်းပင် ဖြစ်တော့သည် ။ ဗသိန်းတင် ပြောသလိုဆိုလျှင် ၁၉၆၆၊ အောက်တိုဘာ၊ နိုဝင်ဘာလများ အတွင်းက ရန်ကုန် မြို့ထဲမှာ ပင် ဗကပတပ်များက တပ်မတော်စခန်းများကို ယာယီသိမ်းပိုက်ခဲ့သည့် အဓိပ္ပာယ် ဖြစ်သည် ။ ဤသည် မှာ မြန်မာပြည် ပြည်သူများကို ဝါဒဖြန့်လိုခြင်းထက် တရုတ်ပြည် ပြည်သူ သန်း (၇၀၀) ကို လိမ်လည်ကြွားဝါခြင်းက အဓိကကျသည် ဟု ယူဆရပေသည် ။ မည်သို့ပင်ဖြစ်စေ ထိုစဉ် တ ရု တ် ပြ ည် တွ င်း ၌ ခိုလှုံနေကြသော မြန်မာပြည်မှ အဖွဲ့အစည်းမျိုးစုံတွင် ပါဝင်နေကြသူများမှာ ကား သခင်ဗသိန်းတင်၏ ''လံကြုတ်'' မိန့် ခွန်းကြီးကို နားသောတဆင်ကာ စိတ်ဓာတ်တက်ကြွနေကြ၏ ။ ဗမာပြည်ကွန်မြူနစ်ပါတီ ကို လေးစားကြည်ညိုနေကြ၏ ။ မနက်ဖြန် သဘက်ခါပင် ရန်ကုန်ကို သိမ်းတော့မလိုလို၊ ဗမာပြည်ကွန်မြူနစ်ပါတီကို အားကိုးတကြီး

ဆရာတင်ရမလိုလို ဖြစ်ကုန်ကြရ၏ ။ တရုတ်ပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်များ သည် လည်း ဗသိန်းတင်၏ မိန့်ခွန်းကို နားထောင်ကာ "ညီနောင်ပါတီ" အတွက် ဂုဏ်ယူမဆုံးဖြစ်နေ၏ ။ အခြေအနေမှန် များကို သိရှိသော အချို့ပါတီ ခေါင်းဆောင်များက ကန့်ကွက်နေသည့်ကြားမှ ပင် မော်စီ တုန်းအမှူးပြုသည့် ဗဟိုခေါင်းဆောင်များက ဗမာပြည်ကွန်မြူနစ်ပါတီကို ဘက်ပေါင်းစုံ အကူအညီပေးရန် စိတ်အားထက်သန်စွာ ဆုံးဖြတ်ခဲ့ကြလေသည် ။

တရုတ်ပြည်တွင်းတွင် ရောက်ရှိနေသော နော်ဆိုင်းတပ်၊ ကိုးကန့်တပ်ဖွဲ့နှင့် ကေ အိုင်အေတပ်ဖွဲ့များကို ဗသိန်းတင်အမှူးပြုသည့် ဗမာပြည် ကွန်မြူနစ်ပါတီလက်အောက် တွင် ဖွဲ့စည်းပေးလိုက်၏ ။ ထိုတပ်ဖွဲ့များ နှင့် ဗမာပြည်ကွန်မြူနစ်ပါတီအလံကိုထောင်ကာ တရုတ်မြန်မာနယ်စပ်ရှိ ဗမာ့တပ်မတော်၏ စစ်စခန်းများကို ဝင်ရောက်တိုက်ခိုက် သိမ်း ပိုက်ရန် စစ်ဆင်ရေး စီမံကိန်းတစ်ခု ချမှတ်ခဲ့လေသည် ။

စီမံကိန်းတစ်ခုလုံး၏ ရည်ရွယ်ချက်မှာ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် တရုတ်မြန်မာ နယ်စပ်တလျှောက် ဗသိန်းတင်တပ်ဖွဲ့အမည်ခံကာ အင်အားအလုံးအရင်းနှင့် ထိုးဖောက်ဝင်ရောက်ပြီး လအနည်းငယ်အတွင်း မြန်မာပြည်တစ်ပြည်လုံးကို တိုက်ခိုက် သိမ်းပိုက်ကာ ဗမာပြည်ကွန်မြူနစ်ပါတီအာဏာကို ထူထောင်ပေးရန် ဖြစ်၏ ။ စီမံကိန်းတွင် နယ်မြေ (၄) ခု ခွဲခြားသတ်မှတ်ထားခဲ့၏ ။

## ၁၀၁ တပ်ဖွဲ့

မြစ်ကြီးနား၊ ဗန်းမော်မြို့များ ၏ အရှေ့ဖက်တစ်ဝိုက် နယ်မြေ ဖြစ်၏ ။ ၎င်းနယ်မြေ ထဲတွင် ဇော်တူး၊ ဇော်ဆိုင်းတို့ ၏ ကေအိုင်အေအဖွဲ့ကို ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းစေကာ တပ်မတော် စစ်စခန်းများကို တိုက်ခိုက်သိမ်းပိုက်၍ မြန်မာပြည်မြောက်ပိုင်းကို ဆက်လက်ထိုးဖောက်ရန် ဖြစ်၏ ။

## ၂၀၂ တပ်ဖွဲ့

ရွှေလီချိုင့်ဝှမ်းရှိ မူလလှုပ်ရှားနေသော ပျောက်ကြားတပ်ဖွဲ့များကို အခြေခံကာ မုံဝေ၊ ကွမ်းဖော်၊ ကိုးတောင်နယ်မြေများ တွင် ဝင်ရောက်လှုပ်ရှားရန်။ ထိုဒေသတွင် ခြေကုတ်ရရှိပါက မန္တလေးမြောက်ဘက်နှင့်
ရှမ်းပြည်နယ်မြောက်ပိုင်းကိုတိုက်ခိုက်သိမ်းပိုက် ရန် ဖြစ်၏ ။

## ၃၀၃ တပ်ဖွဲ့

သံလွင်မြစ်နောက်ခြမ်း တရုတ်မြန်မာနယ်စပ်၊ မူဆယ် ၊ နမ့်ခမ်းနယ်မြေ။ နော်ဆိုင်း တပ်ကို အခြေခံကာ တပ်မတော်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ရန်။ ထိုမှ တစ်ဆင့် လားရှိုး ၊ကွတ်ခိုင်သို့ ဆက်လက်တိုက်ခိုက်ပြီး ရှမ်းပြည်နယ်အလယ်ပိုင်းကိုသိမ်းရန်။

## ၄၀၄ တပ်ဖွဲ့

သံလွင်အရှေ့ခြမ်း၊ တရုတ်မြန်မာနယ်စပ်၊ ကိုးကန့်နယ်မြေ၊ ဖုန်ကြားရှင်တပ်ဖွဲ့ များကို အခြေခံကာ ကိုးကန့်ကို သိမ်ပိုက်ရန်။ ထိုမှ

တစ်ဆင့် တောင်ဘက်သို့ ဆက်လက် တိုက်ခိုက်ပြီး သံလွင်အရှေ့ခြမ်းတစ်ခုလုံးကို တိုးချဲ့သိမ်းပိုက်ရန် ဖြစ်၏ ။ ထိုစစ်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်နက်ခဲယမ်း စစ်ဦးစီးမှုလုပ်ငန်း၊ စစ်သုံးပစ္စည်း၊ ရိက္ခာ၊ ဘဏ္ဍာနှင့် ဆေးဝါးစသည် တို့ ကို တရုတ်ပြည် ဘက်မှ အားလုံး ကူညီထောက်ပံ့သွားရန် ဖြစ်လေသည် ။

၃၀၃၊ ၄၀၄၊ ၂၀၂ နယ်မြေများ သို့ စတင်ဝင်ရောက်လာချိန် ၁၉၆၈ ခုနှစ်အတွင်း က ဗမာပြည် ကွန်မြူနစ်ပါတီ အဖွဲ့အစည်းများ နှင့် တပ်ဖွဲ့များ သည် မြန်မာပြည်အနှံ့အပြား တွင် အောက်ပါအတိုင်း ဖြန့်ခွဲလှုပ်ရှားနေကြ၏ ။

### ၁။ မြစ်ဖျားဒေသတိုင်း ကသာခရိုင်

မျိုးမြင့်(ခ)မြင့်အောင် ဗဟိုကော်မတီ၊ တိုင်းနှင့်ပြည်နယ် အတွင်းရေးမှူး။

ရဲဘော်တုတ်(ခ)ကိုဝင်း ဗဟိုကော်မတီ၊ တိုင်းနှင့်ပြည်နယ်ကော်မတီ၊ ကချင် ပြည်နယ် တာဝန်ခံ။

မြင့်အောင်(ခ)ခန့်မောင် တိုင်းကော်မတီ၊ ဧရာဝတီတိုင်း။

ဖေသောင်း(ခ)တင်ဝင်း တိုက်ခိုက်ရေးတပ် နိုင်ငံရေးမှူး။

အင်အား (၁၇) ယောက်

လှုပ်ရှားနယ်မြေ-ကသာခရိုင် မော်လိုက်ခရိုင်

ကံပြည့်(ခ)အောင်နိုင် စည်းရုံးရေးမှူး

အင်အား (၃၈) ယောက်

လုပ်ရှားနယ်မြေ - မြင်သာ/မြောက်လွင်/ကျော်ရွာ/ကာမိုင်း/ဟု မ္မလင်း/ဖောင်း ပြင် နယ်စပ်/ဟု မ္မလင်း - ပင်လယ်ဘူးနယ်စပ်။

## ၂။ အနောက်မြောက်တိုင်း တိုင်းရုံး

စိုးသိမ်း(ခ)တိုးမောင်(ခ)ချစ်ဖေ တိုင်းကော်မတီ ဘဏ္ဍာရေးမှူး။ ဘတုတ် မြို့နယ်ကော်မတီ

အင်အား (၁၉) ယောက်

လှုပ်ရှားနယ်မြေ - မင်းဘူး၊ ကျောက်ဖြူ၊ သရက်ခရိုင်အစပ်များ

တိုင်းတပ်

သက်ထွန်း(ခ)ရိုးမောင်(ခ)ကျော်သာ(ခ)စင်းမောင် တိုင်းစစ်ဆေးရေးတာဝန်ခံ

ကျော်ငြိမ်း(ခ)အောင်လှ(ခ)မောင်တိုက် ဒုတိယစစ်ရေးတာဝန်ခံ

ဖိုလ်ကျင်(ခ)ကျင်လေး တိုင်းရုံးအုပ်

မောင်ရွှေ(ခ)စောမြင့် တိုင်းနိုင်ငံရေမှူးနှင့် ဆေးမှူး။

အင်အား (၇၀) ယောက်

လှုပ်ရှားနယ်မြေ-သရက်ခရိုင်အနောက်ခြမ်း၊မင်းဘူးခရိုင်နှင့် ကျောက်ဆည်ခရိုင်၊ ရခိုင်ရိုးမဖိုးခေါင်တောင်တန်း

## ပခုက္ကူခရိုင်

အောင်သန်း(ခ)ကြီးငွေ(ခ)အောင်ဘ ခရိုင်ကော်မတီ (ဘဏ္ဍာရေးမှူး)

ချင်းသောင်းညွန့်(ခ)ထန်လိန်က ခရိုင်ကော်မတီ (ချင်းတောင်စည်းရုံးရေးမှူး)

ဘစော(ခ)တင့်မောင်(ခ)ခရိုင်ကော်မတီ(စစ်ရေးတာဝန်ခံ)

ဘိုးရွှေ(ခ)စောမြင့်

အင်အား (၈၈) ခန့်

နယ်မြေ-ဆိပ်ဖြူမြို့နယ် တွင်းမချောင်းဖျား၊မြပိတ်ချောင်းဖျား၊မန်း၊ မြေနီတစ်ဝိုက်

## မင်းဘူးခရိုင်

ကိုမောင်(ခ)ခင်ကျော်(ခ) ခရိုင်ကော်မတီ၊ အတွင်းရေးမှူး။

မောင်မောင်(ခ)ထွန်းမြင့်

ထွန်းမြင့်(ခ)တင်မြင့် ခရိုင်ကော်မတီ၊ ဒုစစ်ရေးတာဝန်ခံ၊ ဟုတ်ကြည် မြို့နယ်ကော်မတီ၊ ခရိုင်တပ်မှူး။

အင်အား (၇၈) ခန့်

နယ်မြေ - စေတုတ္တရာမြို့နယ်၊ ငဖဲ-အမ်းမြို့နယ်၊ စကုရွှေစက်တော်ကြိုးဝိုင်း၊ စလင်းမြို့နယ်၊ ပွင့်ဖြူ။

## သရက်ခရိုင်

(က) အရှေ့ခြမ်း စိုးနောင် ခရိုင်ကော်မတီ

ရဲဒင်(ခ)ရန်ပြေ(ခ)အေးမောင် ခရိုင်အတွင်းရေးမှူး၊ စစ်ရေးတာဝန်ခံ အင်အား (၉၇) ခန့်

နယ်မြေ - မင်းတပ်/မင်းတုန်း၊ မင်းလှ၊ ထမ်းပြင်၊ လင်းကယ်/လေးပင်၊ ရခိုင် နယ်စပ် တောင်တန်းဒေသ။

**(ခ) အနောက်ခြမ်း**

မြင့်နိုင်(ခ)မောင်နက် ခရိုင်ကော်မတီ

ဆလိုင်းစံအောင် ခရိုင်ကော်မတီ (ချင်းဦးစီးဌာနမှူး)

ဆလိုင်းကျော်လှ ခရိုင်ကော်မတီ (တပ်မှူး)

ဆလိုင်းထွန်းကြည်(ခ)ဟန်တင် စည်းရုံးရေးမှူး

အင်အား (၁၁၁) ခန့်

နယ်မြေ - ဆင်ပေါင်ဝဲအရှေ့ပိုင်း/အောင်လံမြို့နယ်/တောင်တွင်းကြီး၊ ပေါက်ခေါင်း နယ်စပ်ချင်းရွာများ ။

**မန္တလေးခရိုင် (မိုးကုတ်မြို့နယ်)**

စိန်မောင် ခရိုင်စစ်တာဝန်ခံ

ကျော့ရင် မြို့နယ်စည်းရုံးရေးမှူး

အင်အား (၂၅) ယောက်

နယ်မြေ-ကျောက်တိုင်/ ရွှေညောင်ပင်/ ခွန်ခါး/ ဆိုက်လေဒေသ။ (ကျောက်ဆည်ခရိုင်)

စိန်ထွေး(ခ)ဘမောင် ခရိုင်ကော်မတီအတွင်းရေးမှူး

ကျော်သန်း(ခ)ခန့်ကြည် မြို့နယ်ကော်မတီ (စစ်ရေးတာဝန်ခံ)

အင်အား(၈)ယောက်

နယ်မြေ - ကျောက်ဂူခရိုင်အစပ်။

**(မြင်းခြံခရိုင်)**

ထွန်းမင်း(ခ)အောင်ခင် ခရိုင်ကော်မတီ

(ပီကင်းပြန်)

စံလွင် ခရိုင်စစ်ရေးတာဝန်ခံ

အင်အား (၁၁)ယောက်

နယ်မြေ - ရွာဂေါက်၊ မြင်းခြံ-မိတ္ထီလာခရိုင်နယ်စပ်။

(အမှတ်တစ်ခရိုင်) (ရမည်းသင်းအနောက်ခြမ်း၊ မကျေးအရှေ့ခြမ်း/တပ်

ကုန်း/ပျဉ်းမနား/ရမည်းသင်း၊ လယ်ဝေး ဒေသများ )

ရဲထွန်း(ခ)စံတင် ခရိုင်ကော်မတီ

မောင်ညွန့်(ခ)ဇော်လေး ခရိုင်ကော်မတီ

အင်အား (၁၅) ယောက်

လှုပ်ရှားနယ်မြေ - စည်ပင်/လယ်တောကြီး/လွှစင်တစ်ဝိုက်။

(အမှတ်နှစ်ခရိုင်) (ရမည်းသင်းအရှေ့ခြမ်း/ပျဉ်းမနားအရှေ့ခြမ်း)

မြလွင်(ခ)မျိုးလွင်(ခ)သန်းစိန် ခရိုင်ကော်မတီ

အင်အား (၃) ယောက်

နယ်မြေ - လက်ပံကုန်းပတ်ဝန်းကျင်ရွာများ

## ၃။ အလယ်ပိုင်းတိုင်း

သခင်တင်ထွန်း ဗဟိုကော်မတီ

ဗိုလ်ကြင်မောင် တိုင်းကော်မတီ

ဦးသုခ တိုင်းကော်မတီ အတွင်းရေးမှူး

ဦးချစ်ဝေ တိုင်းကော်မတီ (မိုးကုတ်မြို့နယ်အတွင်းရေးမှူး)

(အလယ်ပိုင်းခရိုင်) - ဗိုလ်လှမော်

(မြောက်ပိုင်းခရိုင်) - ဗိုလ်စိန်မောင်

စုပေါင်းအင်အား (၅၀) ခန့်

နယ်မြေ - နောင်လုံ/နောင်ချို/နောင်ဝိုး/ကျောက်ဂူ/မိုင်းလုံ/မိုးကုတ်မြို့နယ် များ ။

## ၄။ တနင်္သာရီတိုင်း (တိုင်းကော်မတီရုံး)

ဘာကယ်(ခ)သန်းမောင် ဗဟိုကော်မတီ

(ခ)ထွန်းစိန် တိုင်းအတွင်းရေးမှူး

ဘစိန်(ခ)ဘစီ တိုင်းကော်မတီ

စိုးလွင် တိုင်းကော်မတီ

မြင့်ဋ္ဌေး တိုင်းကော်မတီ (စစ်ရေး)

ဦးစောဟန် တိုင်းကော်မတီ

အင်အား (၆) ယောက်ခန့်

နယ်မြေ - ထားဝယ်ခရိုင်၊ မြိတ်ခရိုင်။

## (ထားဝယ်ခရိုင်)

ဦးဘစိန် (ခ) ဘစီ ခရိုင်အတွင်းရေးမှူး

ဘချစ်လှ ခရိုင်ကော်မတီ

ယုစိန် ခရိုင်ကော်မတီ

အေးလှ(ခ)အေးလှိုင် ခရိုင်ကော်မတီ။

အင်အား (၁၁၃) ယောက်

နယ်မြေ - ထားဝယ်မြို့/သရက်ချောင်း/ရေဖြူ/လောင်းလုံးမြို့နယ်။

## (မြိတ်ခရိုင်)

စိုးလွင် ခရိုင်အတွင်းရေးမှူး

စောဟန် ခရိုင်ကော်မတီ

ဦးစန်းဖေ ခရိုင်ကော်မတီ

မြင့်ငွေ့ ဌေး ခရိုငတ် ပမ့်ှူး

ချစ်ခင် ဒုတပ်မှူး

အင်အား (၁၅၀) ယောက်

နယ်မြေ - မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်အထူးနယ်မြေ။

## ၅။ မြစ်ကျွန်းပေါ်တိုင်း တိုင်းဌာနချုပ်ရုံး

ဗိုလ်သော် တိုင်းအတွင်းရေးမှူး

ရွှေဒါး(ခ)အောင်မြင့် တိုင်းစစ်ရေးတာဝန်ခံ

အောင်ဖေ(ခ)အောင်ဒင် ဒုတိုင်းစစ်ရေးတာဝန်ခံ

ထွန်းစိန်(ခ)ဦးအောင်ခင် တိုင်းကော်မတီ

ကိုစန်(ခ)ဘဆွေလေး တိုင်းကော်မတီ

အင်အား (၄၀)

နယ်မြေ - လေးမျက်နှာ/အင်္ဂပူ/မြန်အောင်အနောက်ပိုင်း တောင်ပေါ်ရိုးမနယ်မြေ။

**(ဟသ်ာတခရိုင်)**

စိုးကြီး(ခ)အောင်စိန် ခရိုင်အတွင်းရေးမှူး

အောင်မင်း ခရိုင်ကော်မတီ

အောင်ဇံ ခရိုင်ကော်မတီ

မြင့်ဆွေ ခရိုင်မှူး

အင်အား (၃၁၆)

နယ်မြေ - အင်္ဂပူ/မြန်အောင်/လေးမျက်နှာ/ဇလွန်၊ ဝေလာဖန်း။

**(ပုသိမ်ခရိုင်)**

မြင့်အောင်(ခ)ထွန်းရီ ခရိုင်အတွင်းရေးမှူး

သန်းဝင်း(ခ)ဘအေး ခရိုင်ကော်မတီ

သိန်းအောင် ခရိုင်ကော်မတီ

ကျော်နိုင် ခရိုင်ကော်မတီ

ထွန်းဦး ခရိုင်စစ်ရေးတာဝန်ခံ

အင်အား (၁၂၅) ယောက်

နယ်မြေ - ပုသိမ်အရှေ့ခြမ်း -အနောက်ခြမ်း၊ ငပုတော၊ သာပေါင်း ငါးသိုင်း ချောင်းနယ်မြေ။

(မြောင်းမြခရိုင်)

စောဝင်း ခရိုင်ကော်မတီ

စိုးတင့် ခရိုင်တပ်မှူး

အင်အား (၇၆) ယောက်

နယ်မြေ - မြောင်းမြ/ဝါးခယ်မ/မော်လမြိုင်ကျွန်း၊ အိမ်မဲမြို့နယ်။ (ဖျာပုံခရိုင်)

ဦးထွန်းစိန်(ခ)ဦးအောင် ခရိုင်အတွင်းရေးမှူး

ကျော်သိန်း(ခ)အေးကျော် ခရိုင်ကော်မတီ

မြလင်း ခရိုင်ကော်မတီ

ငဆန်း ခရိုင်တပ်မှူး

အင်အား (၁၃၈) ယောက်

နယ်မြေ - ဖျာပုံ/ဘိုကလေး/ဒေးဒရဲ/သပြေကန်/ကမာကကု/ ငွေသောင်ယံ တစ် ဝိုက်။

အထက်ပါ စာရင်းဇယားများကိုကြည့်လျှင်ပြည်တွင်းရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ၏ လက်နက်ကိုင်အဖွဲ့အစည်းများ အင်အားလျော့နည်းပြီး ပြိုကွဲနေပြီဖြစ်သည် ကို တွေ့ မြင်နိုင်ပေသည် ။ ထိုအချိန်တွင် အရှေ့မြောက်သည် အောက်ပါအတိုင်း အစပြုခဲ့လေသည် ။

(၁)

၁၀၁ တပ်ဖွဲ့သည် ဗကပခင်မောင်ကြီး ကွပ်ကဲလျက် နယ်စပ်ဒေသသို့ ထွက်ခွာခဲ့ ၏ ။ မြန်မာပြည်ထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကေအိုင်အေ ဇော်တူး၊ ဇော်ဆိုင်းတို့က ဗကပနှင့် မပူးပေါင်းတော့ကြောင်း၊ တရုတ်ပြည်တွင်းတွင် နေထိုင်စဉ်ကသာ ဗကပ ခေါင်းဆောင်မှုကို အကြွင်းမဲ့ ခံယူမည်ဟု အခြေအနေအရ သဘောတူခဲ့ကြောင်း၊ အတိ အလင်း ဖော်ထုတ်ကာ စာချုပ်စာတမ်းများကို ဆုတ်ဖြဲပစ်လိုက်၏ ။ သို့ဖြင့် ၁၀၁ တပ်ဖွဲ့ မှ ဗ က ပ အ ဖွဲ့ မှာ နယ်စပ်တရုတ်ပြည်ဘက်တွင် သောင်တင်နေ၏ ။ ဇော်တူးတို့ က သူတို့ ဒေသရှိ ပြောက်ကျားတပ်ဖွဲ့များ နှင့် ပူးပေါင်းကာ ကေအိုင်အေအဖြစ်ပင် ပြန်လည်လှုပ် ရှားနေလေတော့သည် ။ သို့နှင့် ခင်မောင်ကြီးနှင့် ဗကပအဖွဲ့သည် ၃၀၃ တပ်ဖွဲ့သို့ သွားရောက်ပူးပေါင်းရလေသည် ။

နောက်တစ်နှစ်ခန့်အကြာတွင် မှ ဆခုန်တိန့်ရင်း ခေါင်းဆောင်သောအဖွဲ့ကဇော်တူး တို့ ကို ပုန်ကန်ကာ ဗကပနှင့် ပြည်လည်ပူးပေါင်းခဲ့၏ ။ ကေအိုင်အေတပ်မဟာ (၂) တပ်မဟာမှူး ဇော်တူး၏ လက်အောက်ခံ ဗိုလ်အဆင့်ရှိ ဆခုန်တိန့်ရင်းနှင့် အင်အား

(၂၅၀) သည် ကေအိုင်အေကို ပုန်ကန်ကာ တရုတ်ပြည်ဘက်တွင် ပြန်လည်ခိုလှုံခဲ့၏ ။ ဇော်တူး၏ တရုတ်ကွန်မြူနစ်ပါတီ ဆန့်ကျင်ရေး၊ ဗမာကွန်မြူနစ်ပါတီ ဆန့်ကျင်ရေးတို့ ကို ဖွင့်ချတိုင်တန်းကာ တရုတ်ပြည်တွင် အကူအညီများ တောင်းခံခဲ့၏ ။ တရုတ်ပြည်က ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆခုန်တိန့်ရင်းကို ဆက်သွယ်ပေးကာ တပ်ကို ပြန်လည် ဖွဲ့စည်းလေ့ကျင့်ပေးခဲ့၏ ။ ၄င်းတိုသည် ၁၉၆၉ မေလ (၂၅) ရက်နေ့တွင် တရုတ်ပြည်ဘက် မှ မြစ်ကြီးနား အရှေ့မြောက်ဘက် ဖီမော်၊ ဂေါ်လံဒေသသို့ ထိုးဖောက်ဝင်ရောက်ကာ ထန်တုံ ရဲစခန်းကို စီးနင်းတိုက်ခိုက်ခဲ့၏ ။ ထို့နောက် မေခမြစ် အရှေ့ခြမ်းနှင့် ဆဒုံးနယ်မြေ မြောက်ခြမ်းတွင် လှုပ်လှုပ်ရှား၍ အခြေချနိုင်ရန် ကြိုးပမ်းခဲ့၏ ။ ထိုဒေသမှာ နောင်အခါ ဗကပလက်အောက်ခံ (၁၀၁) စစ်ဒေသဖြစ်လာခဲ့၏ ။

## (၂)

(၂၀၂) တပ်ဖွဲ့သည် လည်း ရဲဘော်ကြည်ပြိုင် (ခ) တိန်ကြည်ဖျင်ခေါင်းဆောင်၍ ဗကပ ကေဒါအချို့၊ နော်ဆိုင်းတပ်မှ ကွေ့ကျိုး၊ကေဒါတစ်ချို့ပူးပေါင်းကာ ရွှေလီချိုင့်ဝှမ်းသို့ ဆင်းခဲ့၏ ။ တပ်မတော် ၏ စစ်ကြောင်းများက လိုက်လံတိုက်ခိုက်ချေမှုန်းသဖြင့် မရပ်တည်နိုင်တော့ဘဲ တရုတ်ပြည်တွင်းသို့ ပြန်လည်ဆုတ်ခွာခဲ့ရ၏ ။ သတ်မှတ်ခွင်ထဲတွင် ၆၇ ခုနှစ်မြို့ပြမှ တောခိုလာသူ တရုတ်ပညာတက်လူငယ်အချို့နှင့် ဒေသခံပြောက်ကျား တပ်ဖွဲ့ အနည်းငယ်သာ နောက်ချန်တပ်ဖွဲ့အဖြစ် ဆက်လက်လှုပ်ရှားနေခဲ့ကြရသည် ။

၁၉၆၉ ခုနှစ်တွင် တရုတ်ပြည်တွင်းသို့ ရောက်ရှိနေကြသော

ဗမာပြည်ပေါက် တရုတ်ပညာတတ် လူငယ်များကို စုစည်းကာ (၂၀၂) တပ်ဖွဲ့နယ်မြေသို့ ထပ်မံဝင်ရောက် ခဲ့၏ ။ နိုင်ငံရေးမှူး ရဲဘော်ကြည်ပြိုင်၊ ဒုတိယနိုင်ငံရေးမှူး ရဲဘော်ဇော်ဝင်း၊ တပ်မှူး ရဲဘော်တင်လှိုင်၊ ဒုတိယတပ်မှူး ရဲဘော်ဘရန့်ရှောင်တို့ ဖြစ်ကြ၏ ။ ပွဲဦးထွက် ကွမ်းဖော တိုက်ပွဲမှ စ၍ ဖရိုဖရဲဖြစ်ခဲ့၏ ။ တပ်မတော်စစ်ကြောင်းများကို ရှောင်တိမ်းလှည့်ပတ်ရင်း တွေ့ဆုံတိုက်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့ပြီး (၆) လလောက်အတွင်း တရုတ်ပညာတတ် (၃၀) ကျော် ကျဆုံးခဲ့ရ၏ ။ ထို့အပြင် တိုက်ပွဲမှ အကွဲကွဲအပြားပြား ထွက်ပြေးကြရပြီး နိုင်ငံရေးမှူးရဲဘော်ကြည်ပြိုင်၏ ဌာနချုပ်စခန်းသို့ ရောက်ရှိလာသော ရဲဘော်များကို ရဲဘော်ကြည်ပြိုင်က အမြဲတစေ ငေါက်ငန်းကာ ဌာနချုပ်မှ ချက်ချင်းထွက်ခွာရန် မောင်း ထုတ်လေ့ရှိ၏ ။ အမှန်မှာ သူနေထိုင်သော ဌာနချုပ်စခန်း သတင်းပေါက်ကြားမှာ စိုးရိမ် ၍ ဖြစ်၏ ။ ထိုစဉ်က အမျိုးသမီးတပ်စုနှင့် ကြေးနန်းစက်မှာ ဌာနချုပ်၌ သာ ရှိ၏ ။ ဌာနချုပ်သည် တပ်နှင့်အတူမနေဘဲ တောကောင်းသည့် နေရာ၊ တပ်မတော်စစ်ကြောင်းများနှင့် ကွာလှမ်းသည့်နေရာတွင် ပုန်းအောင်းနေထိုင်၏ ။ စစ်ဆင်ရေးသတင်းများကို တပ်များ သို့အချိန်မီ အကြောင်းမကြားဘဲ ဌာနချုပ်စခန်းသာ လွတ်ရာသို့ ရှောက်ထွက်သွားတတ်၏ ။ ထို့ကြောင့် အချိန်အတိုအတွင်း အကျအဆုံးများ လာ၏ ။

သို့ဖြင့် တပ်မတော်စစ်ကြောင်းများကိုလည်း ကြောက်လန့်၊ ကွပ်ကဲမှုရေချိန်လည်း ညံ့ဖျင်းလှသည့် ရဲဘော်ကြည်ပြိုင်အား (၂၀၂) တပ်ဖွဲ့တွင် မထားရန် သူ့ကို နိုင်ငံရေး မှူးအဖြစ် ဆက်လက်တာဝန်ပေးထားပါက မိမိတို့ (၂၀၂) တပ်ဖွဲ့တွင်

ဆက်လက်တာဝန် ထမ်းဆောင်တော့မည် မဟုတ်ကြောင်း အောက်ခြေတပ်သားများကရော၊ ကေဒါရဲဘော် များကပါ ဗဟိုသို့ တင်ပြတိုင်တန်း ခြွကဏ် ။ နောက်ဆုံးတွင် ဗဟိုမှ သခင်ဖေတင့်ကိုယ်တိုင် (၃၀၃) တပ်ဖွဲ့အနီး (မုန်းကိုး) ရွာတွင် (၂၀၂) တပ်ဖွဲ့မှ တပ်သားများကို စုစည်းကာ အခြေအနေတို့ စုံစမ်းလေ့လာခဲ့ရ၏ ။ တပ်မှ ရဲဘော်များက (၂၀၂) တပ်ဖွဲ့မှ ဘက်ပေါင်းစုံ အခြေအနေများကို သခင်ဖေတင့်ထံ တင်ပြ အစီရင်ခံကြ၏ ။ဦးကြည်ပြိုင်ကလည်း (၂၀၂) မှ အောက်ခြေ တရုတ်ပညာတတ် လူငယ်များမှာ အပင်ပန်း အဆင်းရဲ မခံနိုင်ကြောင်း၊ ဗမာဆန့်ကျင်ရေးလူမျိုးရေးအမြင်ဖြင့်
မိမိကိုယ်မလိုလားခြင်းဖြစ်ကြောင်း သခင်ဖေတင့်ထံ ထုချေခဲ့၏ ။ (၂၀၂) တပ်ဖွဲ့ဝင်များကလည်း မိမိတို့ အသက်စွန့်ရမှာ မကြောက်ကြောင်း၊ လူမျိုးရေးအမြင်နှင့် ခေါင်းဆောင်မှုကို ဆန့်ကျင်ခြင်း မဟုတ်ကြောင်း၊ ဦးကြည်ပြိုင်ကို ဖယ်ရှား၍ လုပ်ရည်ကိုင်ရည်ရှိသော အခြားခေါင်းဆောင်နှင့် လဲလှယ်ပေးရန် တောင်းဆို ခြင်းသာဖြစ်ကြောင်း၊ ဤသည် မှာ မိမိတို့ ကိုယ်ကျိုးသက်သက်မဟုတ်ဘဲ ဗမာပြည်တော် လှန်ရေး၏ အကျိုးစီးပွားအတွက်ပင်ဖြစ်ကြောင်း ပြန်လည်၍ အချက်အလက်များ ဖြင့် ပေါင်းချုပ်တင်ပြခဲ့ကြ၏ ။

## (၃)

### (၃၀၃) တပ်ဖွဲ့

၁၉၆၈ ဇန်နဝါရီလ (၁) ရက်နေ့တွင် မုန်းကိုးရှိ ခလရ (၄၅)

တပ်မတော် စခန်းသို့ ဝင်ရောက် တိုင်ခိုက်သိမ်းပိုက်ခဲ့၏ ။ နော်ဆိုင်းတပ် အဓိကပါဝင်ပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် အမှတ် ၇၆၈၈ တိုင်းရင်းသားလူမျိုးစုတပ်မှ အင်အား(၁၀၀)၊ ဗကပကိုယ်စားလှယ်များ ၊ စုပေါင်းအင်အား (၂၀၀) ရှိခဲ့၏ ။ နိုင်ငံရေးမှူး ဟူးကောင်း (ခ) ဗိုလ်သန်းရွှေ၊ ဒုတိယနိုင်ငံရေးမှူးမှာ (၁၀၁) မှ ပြောင်းရွှေ့ပေးသော ခင်မောင်ကြီး (ခ) ကူဖန်း။ တပ်မှူးနော်ဆိုင်း၊ စစ်ဆင်ရေးမှူး ဝမ်နိုင်၊ နိုင်ငံရေးမှူး ရုံးအုပ်ကျောက်မင် (ခ) ဇော်မိုင်၊ ထောက်ပံ့ရေးဌာနမှူး ကျော်စိန် (ခ) ကျိုးချင် ဖြစ်လေသည် ။

မန်းကိုးအား တိုက်ခိုက်သိမ်းပိုက်ပြီးနောက် မန်ရန်၊မန်ကန်း၊ ပန်ဆိုင်းနှင့် မိုင်းပါ၊ မုဝံ တစ်ဝိုက်တွင် လှည့်လည်ပြောက်ကျား စစ်ဆင်ရေး တရုတ်ပြည်နယ်စပ်မှ လူငယ်များကို တပ်သားသစ် စုဆောင်းခဲ့ကြ၏ ။ ၁၉၆၈ ခွန်လအတွင်းတွင် တပ်ရင်း ၃၀၃၃၊ ၃၀၃၅ နှင့် ၃၀၃၇ အပြင် ထလရ တပ်ခွဲတစ်ခွဲ (၆၉ နှစ်ကုန်းပိုင်းတွင် ထို ထလရ တပ်ခွဲအား ၃၀၃၁ (အထူးတပ်ရင်း)အဖြစ် တိုးချဲ့ ဖွဲ့စည်းခဲ့၏ ) စုပေါင်းအင်အား (၆၀၀) ကျော်ကို ဖွဲ့စည်းနိုင်ခဲ့၏ ။ ထို့နောက် မကြာမီပင် ကျောက်မင်(ခ)ဇော်မိုင်အား တပ်မှူး အဖြစ် လည်းကောင်း၊ ဝမ်ကျစ်မင်(ခ)ကိုအုန်းကြည်အား နိုင်ငံရေးမှူးအဖြစ်လည်းကောင်း၊ အလုပ်အဖွဲ့ ဖွဲ့စည်းကာ နမ့်ခမ်း၊ ခရိုင်တွင်းရှိ မန့်ဟီးရိုး၊ ကောက်ကွေ့ဒေသသို့ စေလွှတ် လိုက်၏ ။ ထိုဒေသရှိ ရှမ်းလက်နက်ကိုင်အဖွဲ့မှ ခေါင်းဆောင် ကန်ရွှဲသည် လည်း ဗကပအလံ အောက်သို့ ဝင်ရောက်ခိုလှုံလာ၏ ။ ထိုရှမ်းလက်နက်ကိုင်တပ်ဖွဲ့ကို အခြေခံစည်းရုံးကာ မန်ဟီးရိုး၊ နောင်ခမ်းတစ်ဝိုက်တွင် တပ်ရင်း (၁၀၇) ကို ဖွဲ့စည်းနိုင်ခဲ့၏ ။ ထိုတပ်ရင်းတွင် တရုတ်ပညာတတ်

လူငယ်အချို့လည်း ပါဝင်ခဲ့၏။

၁၉၆၈ ဩဂုတ်လတွင် (၁၀၁) တပ်ဖွဲ့သည် ဟေမုံလုံမှ စတင်ထွက်ခွာပြီး တောက်လုံတံတား (ကွတ်ခိုင်ကားလမ်း) သို့ ထိုးဖောက် တိုက်ခိုက်ခဲ့၏ ။ ထိုတိုက်ပွဲမှ အပြန် လုံးမား၊ မန်ဟီးရိုးဒေသတွင် တပ်ကို ပြန်လည်ဖွဲ့စည်းခဲ့ကြ၏ ။ ထိုကာလအတွင်း တရုတ်ပြည် ရွှေလီခရိုင်တစ်လွှား နယ်စပ်တစ်လျှောက်တွင် တပ်သားသစ် (၄၀၀) ခန့် ကို စည်းရုံးသိမ်းသွင်းခဲ့၏ ။ ၁၉၆၈ အောက်တိုဘာလတွင် (၁၀၁) တပ်ဖွဲ့သည် မြောက်ပိုင်း သို့ တက်သွားပြီး ပန်ရှမ်း၊ မိုက်ကန်လမ်းကြောင်းတွင် နယ်မြေတိုးချဲ့ တပ်စွဲထားခဲ့၏ ။ ၁၉၆၈ ဧပြီလတွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ တပ်မ (၄၁) မှ ဒုတိယ-တပ်မမှူး အန်းယွိဖုန်း ခေါင်းဆောင်သော စစ်အကြံပေးအဖွဲ့သည် (၁၀၁) တပ်ဖွဲ့ထဲသို့ ဝင်ရောက်ပူးပေါင်းခဲ့ပြီး လက်နက်အင်အား တိုးချဲ့ခြင်း၊ ဦးစီးလုပ်ငန်း မြှင့်တင်ခြင်းနှင့် အဖွဲ့အစည်းသစ်များ တိုးချဲ့တည်ဆောက်ပေးခဲ့၏ ။ ထိုစစ်အကြံပေး အဖွဲ့ထဲတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လီကျန်းစစ်ဒေသခွဲ စစ်ဆင်ရေးမှူး ချန်လိ၊ လွတ်မြောက်ရေးတပ်မတော် ၇၆၈၈ တပ်မှ ဒုတိယနိုင်ငံရေးမှူး ကောကွမ်းရိနှင့် အခြားတပ်ရင်း ကေဒါအရာရှိများ ပါဝင်ခဲ့၏။

၁၉၆၈ ဧပြီမှ ၁၉၇၀ ခုနှစ်အတွင်း ၁၀၁ တပ်ဖွဲ့များ ၏ လက်အောက်ခံတပ်ရင်း အသီးသီးသို့ ဒုတိယတပ်ရင်းမှူးများ အဖြစ် တာဝန်ထမ်းဆောင်ရန် တရုတ်ပြည်သူ့ လွတ် မြောက်ရေးတပ်မတော် စစ်အကြံပေးအဖွဲ့မှ အကြံပေးအရာရှိများ စေလွှတ်ကူညီခဲ့လေသည် ။

## (၄)

### (၄၀၄) တပ်ဖွဲ့

၁၉၆၈ ဇန်နဝါရီလ (၃) ရက်နေ့တွင် ကိုးကန့်ဒေသ လုံထန်တပ်မတော်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့၏ ။ ဖုန်ကြားရှင်းတပ်ဖွဲ့မှ အင်အား (၁၀၀)၊ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် လင်ချန်းဒေသမှ ခွဲထုတ်ယူခဲ့သော လက်နက်ကိုင်အင်အား (၁၀၀)၊ စုပေါင်းအင်အား (၂၀၀) ကျော်ရှိ၏ ။ နိုင်ငံရေးမှူး တင်ရီ (ခ) ရန်ကွမ်း၊ ဒု-နိုင်ငံရေးမှူး ထွန်းလွင်(ခ)ယွိကျင့် ၊ တပ်မှူး ဖုန်ကြားရှင်၊နိုင်ငံရေးဌာနရုံးအုပ် ယန်ကျင် ချန်တို့ ခေါင်းဆောင်၏ ။

မကြာမီပင် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ပေါင်းစန်း ဒေ သ မှ စစ်ဘက်အကြံပေးအဖွဲ့သည် (၄၀၄) တပ်ဖွဲ့သို့ လာရောက်ကူညီခဲ့၏ ။ ၁၉၆၈ နှစ်လယ် ပိုင်းတွင် မူလအင်အား (၂၀၀) ကျော်မှ အင်အား (၈၀၀) ကျော် စည်းရုံးသိမ်းသွင်းနိုင် ခဲ့ပြီး ၄၀၄၆၊ ၄၀၄၇၊ ၄၀၄၅ တပ်ရင်း (၃) ရင်းနှင့် ထလရတပ်ခွဲ တစ်ခွဲကို ဖွဲ့စည်းခဲ့ကြ၏ ။ ၁၉၆၈ ခုနှစ် ကုန်ပိုင်းတွင် ၄၀၄၈ တပ်ရင်းကိုပါ ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့လေသည် ။ (၄၀၄) တပ်ဖွဲ့သည် ၆၉ ခုနှစ်အထိ ကိုးကန့်ဒေသရှိ တပ်မတော်စခန်း အတော် များများကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့လေသည် ။

## (၅)

### အရှေ့မြောက်စစ်ဒေသ။

၃၀၃ တပ်ဖွဲ့နှင့် ၄၀၄ တပ်ဖွဲ့တို့ ၏ ဖြစ်ပေါ်တိုးတက်မှုအရ အဝေးရောက်ပါတီ ဗဟိုမှ ၄င်းတပ်ဖွဲ့ (၂) ခုကို ပူးပေါင်း၍ အရှေ့မြောက် စစ်ဒေသအဖြစ် ဖွဲ့စည်းတည်ထောင် ရန် ညွှန်ကြားခဲ့ရာ ၁၉၆၉ ခုနှစ်ကုန်ပိုင်းတွင် အရှေ့မြောက်စစ်ဒေသကို ဖွဲ့စည်း လိုက်လေသည် ။ ၄၀၄ တပ်ဖွဲ့အား ကိုးကန့်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အမည်မှ ၃၀၃ တပ်ဖွဲ့ကဲ့သို့ပင် ဗမာပြည် ပြည်သူ့တပ်မတော်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့၏ ။ ထိုစဉ် အရှေ့ မြောက် စစ်ဒေသဌာနချုပ်ရုံးမှ မုန်းယားတွင် ဖွင့်လှစ်ထား၏ ။ ခေါင်းဆောင်အဖွဲ့အစည်း များ နှင့် ကြေးနန်းစက်များမှာ လည်း မုန်းယားတွင် အခြေစိုက်ထားခဲ့၏ ။ ၁၉၇၀ မတ်လ (၂၅) ရက်နေ့တွင် အရှေ့မြောက်စစ်ဒေသ၏ ပေါ်လစီ (၁၅) ချက်ကို ထုတ်ပြန်ကြေညာလိုက်၏ ။

၁၉၇၀ မေလ (၁၀) ရက်တွင် အရှေ့မြောက်စစ်ဒေသ ခေါင်းဆောင်မှုအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတည်ထောင်ခဲ့၏ ။

အမည် မူလတပ်ဖွဲ့အဆင့် အရှေ့မြောက်စစ်ဒေသအဆင့်

တင်ရီ(ခ)ယန်ကွမ်း ၄၀၄ ဌာနချုပ်နိုင်ငံရေးမှူး ဒုတိယနိုင်ငံရေးမှူး

ခင်မောင်ကြီး(ခ)ကူဖန် ၃၀၃ ဌာနချုပ်နိုင်ငံရေးမှူး ဒုတိယနိုင်ငံရေးမှူး

စိုးသိမ်း(ခ)လင်ထင် ၁၀၇ ဌာနချုပ်နိုင်ငံရေးမှူး ဒုတိယနိုင်ငံရေးမှူး

ဇော်မိုင်(ခ)ကျောက်မင် ၃၀၃ ဌာနချုပ်တပ်မှူး ဒုတိယတပ်မှူး

ဖုန်ကြားရှင် ၄၀၄ ဌာနချုပ်တပ်မှူး ဒုတိယတပ်မှူး

ကျော်ထင်(ခ)ကျိုးခွင်းဝနယ်ဌာနချုပ်နိုင်ငံရေးမှူး အကြံပေးချုပ်

ကျော်စိန်(ခ)ကျိုးချင် ၃၀၃ ထောက်ပံ့ရေးဌာနမှူး ထောက်ပံ့ရေးမှူး

ထွန်းတင်(ခ)ထုပ်ဟိုင်ချင်း ၃၀၃ ဌာနချုပ်အကြံပေးချုပ် ဒုအကြံပေးချုပ်(ထလရ)

ယန်ကျုံးဝေ ၄၀၄ ဌာနချုပ်ဒု-တပ်မှူး ယာယီ ဒုအကြံပေးချုပ်

ယန်ခိုက်ရင် ၄၀၄ ဌာနချုပ် ယာယီ ဒုအကြံပေးချုပ် (ဆသရ)

လီကျုံးချန် ၄၀၄ အကြံပေးချုပ် ယာယီ ဒုအကြံပေးချုပ် (စဆရ)

ယန်ကျင့်ချန် ၄၀၄ ဌာနချုပ် နိုင်ငံရေးဌာနကြီး နိုင်ငံရေးဌာနကြီးမှူး ဒုဌာနမှူး (စည်းရုံးရေး)

ကျောက်ယွင် ၁၀၇ ဌာနချုပ်နိုင်ငံရေးဌာန နိုင်ငံရေးဌာနကြီး ယာယီဌာနမှူး ဒု-ဌာနမှူး

လိထင် ၃၀၃ အကြံပေးချုပ် နိုင်ငံရေးဌာနကြီး ဒု-ဌာနမှူး ကျော်မြင့်(ခ)ကျင့်ဝင်းပါတီကိုယ်စားလှယ် ဒု-ထလရ ဌာန တရုတ်ပြည်နယ်စပ် ကြီးမှူး

ဘရန်လွန်း(ခ)လီတုံး ၃၀၃ ဌာနချုပ် ကြီးမှူး ယာယီထပရမှူး

လှိုယိုချင်း ၃၀၃ ဌာနချုပ် ကြီးမှူး

ထပရဌာနနိုင်ငံရေးမှူး

ဝမ်ချင်း ၄၀၄ ကြီးမှူး

ထောက်လက်ဖုံ ၃၀၃ ထပရဌာနကြီး၊ နိုင်ငံရေးဌာန နိုင်ငံရေးမှူး

ဒု-ဌာနမှူး

ရှီးယုံ ၃၀၃ လူထုစည်းရုံးရေး

နိုင်ငံရေးဌာန တာဝန်ခံ သာနု(ခ)ဝမ်ရှင်းကန်း ၄၀၄ ဝါဒဖြန့်ချိရေး နိုင်ငံရေးဌာန ဌာနမှူး

ဒု-ဌာနမှူး

ကျောက်ရီပေါ့ ၃၀၃ လုံခြုံရေးဌာနမှူး လုံခြုံရေးဌာန

လွီဟွာ ၄၀၄ ဌာနချုပ် စစ်ဒေသဌာနချုပ် ရုံးအုပ် ရုံးအုပ်

## ကူလိရှင်း ၃၀၃ စစ်ဒေသ

ကုန်သွယ်ရေးဌာနမှူး ကုန်သွယ်ရေးဌာနမှူး

ဝမယ်ံု ၁၀၇ ဌာနချုပ် စစပ် စွည်း တာဝနခ်

၁၉၇၀-၇၁ ခုနှစ်အတွင်းဝယ် အရှေ့မြောက်စစ်ဒေသသည် မိမိနယ်မြေ ခိုင်မာ ရေးနှင့် အာဏာတည်မြဲရေးအတွက် လူထုလှုပ်ရှားမှုများကို ဖော်ထုတ်ဆောင်ရွက်ခဲ့၏ ။ ကျေးရွာသမဂ္ဂများ ဖွဲ့စည်းခြင်း၊ ပြည်သူ့စစ်များ ဖွဲ့စည်းခြင်း၊ လက်နက်တပ်ဆင် ခြင်း၊ အမျိုးသမီးသမဂ္ဂများ ထူထောင်ခြင်းနှင့် ဒူးဝါးများကို တိုက်ပွဲဆင်ခြင်း၊ ဒူးဝါးပိုင် ဥစ္စာ ဓနတို့ ကို သိမ်းပိုက်ခြင်းများ ပြုလုပ်ခဲ့ကြ၏ ။ မြို့နယ်၊ ဒိုင်နယ်၊ ကျေးရွာအုပ်ချုပ် ရေး အာဏာအဖွဲ့အစည်းများ ထူထောင်ခဲ့ကြ၏ ။

မုန်းကိုးဒူးဝါး၊ ဖောင်းဆိုင်ဒူးဝါး၊ မန်ကန်ဒူးဝါးတို့ ၏ နေအိမ်ကြီးများကို သိမ်းယူ ကာ ထောက်ပံ့ရေးဂိုဒေါင်များ ၊ ဆေးရုံများ ပြုလုပ်လိုက်ကြ၏ ။ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူစေရန် လမ်းများ လည်း ဖောက်လုပ်ခဲ့ကြ၏ ။

မုန်းကိုး၊ မုန်းယား၊ မုန်းဟော် မော်တော်ကားလမ်း

ပန်ဆိုင်း၊ ဖောင်းဆိုင်/မုန်းပေါ် - မုန်းကိုးကားလမ်း

တရုတ်ပြည် မုန်းတိန်းမှ မန်ပိန်းအထိကားလမ်း

တာကမူးရှူး-မန်ခါးကားလမ်း

မန်ခါး - လုံထန်ကားလမ်း

တစ်ဖက်နိုင်ငံ ဆီမင်မှ ဆွမ်ကရာမန်ကားလမ်းတို့ ကို ဖောက်လုပ်ပြီးစီးခဲ့၏ ။ လမ်းဖောက်ရေးနှင့် တစ်ပြိုင်နက်မှာ ပင်လယ်မြေသစ်များကို ဖော်ထုတ်ကာ တယ်လီဖုန်းလိုင်းများ လည်း ဆက်သွယ်ခဲ့ကြ၏ ။

လယ်ယာမြေဖော်ထုတ်ရာတွင် ...

မုန်းယားဒိုင်နယ်၊ နားမွန်၊ နားဆန်၊ ပန်ဆပ်၊ ကျေးရွာတစ်ဝိုက်တွင် စုစုပေါင်းဧက ၄၀၀၀ ကျော် ဖော်ထုတ်ခုတ်ထွင်စေခဲ့၏ ။

ထို့ပြင် တစ်ဖက်နိုင်ငံ မန်ဟိုင်း မုန်းကိုးနှင့် ပန်ဆပ် နားမွန်တယ်လီဖုန်းလိုင်း၊ တစ်ဖက်နိုင်ငံ နားစန်မှ ဖုကွားစိုက် ကိုးကန့်၊ နော်ဩထန်၊ ရှာခိုလင်၊ တယ်လီဖုန်းလိုင်း၊ မန်ခါးမှ လောင်ချကျိုင်းတယ်လီဖုန်းလိုင်းများကို တစ်ဖက်နိုင်ငံ၏ အကူအညီဖြင့် ဆက်သွယ် တပ်ဆင်နိုင်ခဲ့လေသည် ။

ထိုစဉ် ဗဟိုသည် ကွတ်ခိုင်လားရှိူးစစ်မျက်နှာကို အလေးထားခဲ့၏ ။ စစ်ဒေသ ဖွဲ့ပြီးလျှင်ပြီးချင်းပင် ၄၀၄၅၊ ၄၀၄၇၊ ၄၀၄၈ တပ်ရင်း ၃ ရင်းကို သံလွင်အနောက်ခြမ်း ၁၀၃ နယ်မြေသို့ ပြောင်းရွှေ့စုစည်းလိုက်၏ ။ ၄၀၄ နယ်မြေတွင် ၄၀၄၆ တစ်ရင်းသာ ဖြန့် ခွဲထား၏ ။

၁၉၇၁ နှစ်ဦးပိုင်းမှ ၇၁ နှစ်အလယ်ပိုင်းအတွင်းတွင် ၃၀၃ မှ ၃၀၃၁/ ၃၀၃၃/ ၃၀၃၅/ ၁၀၇ နှင့် ၄၀၄၅/ ၄၀၄၇/ ၄၀၄၈ တပ်ရင်းများ သည် အရှေ့မြောက်စစ်ဒေသ ၏ လက်အောက်ခံတပ်ရင်းများ အဖြစ် သံလွင်အနောက်ခြမ်း မုန်းပေါ် ကြူကုတ် ပန်ဆိုင်း ဒေသနှင့် ကွတ်ခိုင်ကားလမ်းတစ်လျှောက်တွင် လှည့်လည် လှုပ်ရှားတိုက်ခိုက်ခဲ့ကြ၏ ။ မုန်းပေါ်၊ ပန်ဆိုင်း၊ ကြူကုတ်နှင့် မုန်စီကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြ၏ ။

မုန်းပေါ်ရှိ ခမရ ၁၀၇ တပ်စခန်းကို ၇၀ ခု မတ်လ ၂၀ ရက်နေ့တွင် တိုက်ခိုက် သိမ်းပိုက်ပြီး မတ်လ ၂၈ ရက် ၁၉၇၀ လက်နက်ကိုင်တော်လှန်ရေးနေ့ အထိမ်းအမှတ် အဖြစ် ခလရ ၄၅ တပ်စွဲထားသော ပန်ဆိုင်းကြူကုတ်မြို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ ၏ ။ သို့ရာတွင် လားရှိုးနယ်မြေအတွင်းအထိ ထိုးဖောက်ဝင်ရောက်ပြီး ပန်ကျုံတိုက်ပွဲ ဖော်ထုတ်ရာတွင် အရေးနိမ့်ကာ မုံးပေါ်ကြူကုတ် နယ်စပ်သို့ တပ်များ ပြန်လည်ဆုတ်ခွာခဲ့ ကြရ၏ ။

နယ်စပ်မှ တောင်ဘက်သို့ဆင်းလာသည် နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် လာသဖြင့် တ ပ် မ တော် စ စ် ကြော င်း များ မှာ လှုပ်ရှားမှုလျင်မြန်၏ ။ သတင်းဆက်သွယ်မှု လျင်မြန်ပြီး ကွန်မြူနစ်တပ်များ ထက် အဘက်ဘက်မှ သာလွန်နေ၏ ။ ထိုဒေသရှိ ပြည်သူ လူထုမှာ တိုင်းရင်းသားလူမျိုးစုများ ပင် ဖြစ်သော်လည်း နယ်စပ်ဒေသလူထုထက် ပညာ အရည်အချင်း မြင့်မားပြီး ဗဟု သုတလည်း ကြွယ်ဝ၏ ။ တပ်မတော်၏ စစ်အင်အားနှင့် တိုက်ခိုက်ရေးစွမ်းရည်ကိုလည်း သိရှိကြ၏ ။ ထို့ကြောင့် ဗကပတပ်ထဲသို့ အလွယ်တကူ မဝင်ရောက်ကြပေ။

ထို့ပြင် ထိုနယ်မြေသည် မူလက ကေအိုင်အေနယ်မြေ ဖြစ်၏ ။ ကေအိုင်အေသည် ဗကပနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိသဖြင့်လည်း ဗကပတပ်များ သည် တပန်းရှုံး၏ ။ နယ်စပ်ဒေသရှိ ဝေးလံသီခေါင်သော တပ်စခန်းငယ်များကို တိုက်ခိုက်သိမ်းပိုက်နိုင်သဖြင့် စိတ်ဓာတ်တက်ကြွနေသော စစ်အကြံပေးအဖွဲ့များ သည် ဗမာ့တပ်မတော်၏ တိုက်ရေးခိုက်ရေးစွမ်းရည်အမှန်ကို စတင်ထိတွေ့နားလည်လာကြ၏ ။ မူလက ၄င်းတို့တွေးထင်ထားသကဲ့သို့ အောက်ခြေတပ်သားများ စိတ်ဓာတ်ကျဆင်းနေသည့် ကွပ်ကဲမှုညံ့ ဖျင်းသော တပ်မျိုးမဟုတ်ပဲ စစ်ပရိယာယ်ကြွယ်ဝသည့် ခိုင်မာသော ဦးစီးကွပ်ကဲမှုအောက် မှ တိုက်ခိုက်ရေးစိတ်ဓာတ်မြင့်မားသော စနစ်တကျလေ့ကျင့်ထားသည့် ဗမာ့တပ်မတော် အကြောင်းကို ဘက်ပေါင်းစုံမှ လက်တွေ့သိမြင်သွားကြ၏ ။

ဗမာ့တပ်မတော်မှ တပ်ဖွဲ့များ သည် အစပိုင်းတွင် တရုတ်ပြည်၏ သမားရိုးကျဖြစ် သော လူအင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်နည်းကို ခုခံကာ ကွယ်ရန် ပြန်လှန်တိုက်ခိုက်ချေမှုန်းရန် ကျွမ်းကျင်မှုမရှိသေး။ သို့သော် ၁ နှစ်ကျော် ကာလအတွင်း တိုက်ပွဲ ၃၀ နီးပါး တိုက်ခိုက်ကြပြီးသောအခါ တိုက်ခိုက်နည်းကို လက်တွေ့ ကျင့်သုံးရလာခဲ့၏ ။

မြန်မာ့တပ်မတော်မှ တပ်မ ၉၉၊ ၈၈၊ ၇၇ သုံးခုအနက် နှစ်ခုကို ထိုစစ်မျက်နှာ တွင် အမြဲတမ်းရပ်ဆိုင်ထားကာ အဆက်မပြတ် လှုပ်ရှားတိုက်ခိုက်၍ ဖိအားပေးထားခဲ့၏ ။ ၁၉၇၀ ခုနှစ် ဇွန်လတွင်းတွင် မဟာဗျူဟာ ကွပ်ကဲမှုဌာနကို ဖွင့်လှစ်ကာ ရှေ့တန်းတပ် များကို အနီးကပ် ဦးစီးညွှန်ကြားလာ၏ ။

လားရှိုးအရှေ့ဘက် ပန်ကျုံတိုက်ပွဲမှ ဆုတ်ခွာခဲ့ရပြီးနောက်တွင် ၈၀၈ အဖွဲ့ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့သည့် တရုတ်ပြည်မှ စစ်ဖက်အကြံပေးအဖွဲ့သည် အရှေ့မြောက်စစ် ဒေသမှ ပြန်လည်ထွက်ခွာသွားတော့၏။

သို့နှင့် သံလွင်အနောက်ခြမ်းမှ တပ်အင်အားများကို စုစည်းကာ ဗ မှ တ ပ် မ တော် ၏ တပ်အင်အားကြဲကွဲရာ သံလွင်အနောက်ခြမ်း၊ ဝနယ်တောင်တန်းများ ပေါ်တွင် ခြေကုပ်ယူ တိုးချဲ့ရန် ဗသိန်းတင်အမှူးပြုသည့် ဗဟိုကော်မတီမှ ပြောင်းလဲစီမံခဲ့ကြရလေသည်။

## (ခ) ဝနယ်ကိုထိုးဖောက်ခြင်း

ထိုစဉ်က ဝနယ်သည် လူသူအရောက်အပေါက် နည်းပါးလှ၏။ စီးပွားရေးဘဝ မှာ လည်း ခေတ်နောက်ကျလှ၏ ။ တောင်ယာစပါးစိုက်ချိန်တွင် လူကို ခေါင်းဖြတ်၍ ယစ်ပူဇော်သောဓလေ့လည်း ထွန်းကားဆဲ ဖြစ်၏ ။ ခေါင်းဖြတ်ရန် ယဇ်ကောင်အတွက် တစ်ရွာနှင့်တစ်ရွာ လက်နက်နှင့် တိုက်ခိုက်၍ သုံ့ပန်းဖမ်းကြ၏ ။ သို့ဖြင့် လက်နက်ကိုင် မျိုးရိုးတူအုပ်စုပေါင်းများ စွာ ပြန့်ကျဲနေတော့၏။

၁၉၆၉ ခုနှစ်တွင် ပင် အရှေ့မြောက်စစ်ဒေသသည် ဗဟို၏ ညွှန်ကြားချက်အရ စစ်ဆင်ရေးမှူး ကျိုးခွင်းရှိ ခေါင်းဆောင်သောအဖွဲ့ငယ် တစ်ဖွဲ့ကို ဝနယ်ထဲသို့ စေလွှတ် လိုက်၏။ ကျိုး ခွ င်း ရှိ ၏ အလုပ်အဖွဲ့သည် ခွင်းမား ပြောက်ကျားတပ်၊ အိုက်ချင်ပြောက် ကျားတပ်၊ စောက်ဖပြောက်ကျားတပ်စသော

ဝလက်နက်ကိုင်အဖွဲ့များ နှင့် ဟိုပန်ဒေသမှ လူရှင်းကော်၏ ကာကွယ်ရေးတပ်တို့ ကို စည်းရုံးနိုင်ခဲ့၏ ။ ထိုအင်အားစုများကို စုစည်းကာ ၅၀၁၊ ၅၀၂၊ ၅၀၃ ဝတပ်ရင်းများကို ဖွဲ့စည်းနိုင်ခဲ့၏ ။

ထိုဝတပ်ရင်းများ နှင့် ကိုးကန့်တွင် ရှိနေသော ၄၀၄၆ တပ်ရင်းကို ပူးပေါင်းကာ မိုင်းမောရှိ တပ်မတော်စခန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြ၏ ။

## (ဂ) နန်စန်ညီလာခံ

နန်စန်သည် ကိုးကန့်ဒေသ ရန်လုံစိုက်ရွာနှင့် ဆက်စပ်လျက်ရှိသည့် တရုတ်ပြည် ကျင့်ခန်းခရိုင်တွင်း၌ တည်ရှိ၏ ။ ၁၉၇၂ ခုနှစ် ဇူလိုင်လတွင် ကျင့်ခန်းရှိ ပြည်သူ့လွတ် မြောက်ရေး တပ်မတော်ဌာနတွင်း၌ ဗကပ အရှေ့မြောက် စစ်ဒေသ၏ ထိပ်သီးစစ်ရေး ညီလာခံတစ်ရပ် ကျင်းပခဲ့၏ ။ ထို ညီလာခံမှ အရေးကြီးသည့် ဆုံးဖြတ်ချက်နှစ်ရပ် ချ မှတ်လိုက်၏ ။

(၁) အရှေ့မြောက် စစ်ဒေသ၏ လက်အောက်ခံ တပ်ရင်းများကို တပ်မဟာ

(၂) တပ်မဟာ (၅) နှင့် တပ်မဟာ (၈) အဖြစ် စုဖွဲ့လှုပ်ရှားရန်။ တပ်မဟာ (၂) တွင် နိုင်ငံရေးမှူး အင်ဖန်း၊ တပ်မဟာမှူး ထွန်းတင်။ တပ်မဟာ (၅) တွင် နိုင်ငံရေးမှူး လီကျုံးချန်၊ ဒု-တပ်မဟာမှူး ဖုယုံရှင်းနှင့် လီတဲ့ ခိုင်း။ ဒု-နိုင်ငံရေးမှူး ယွီကျင့်ဝူ။ တပ်မဟာ (၈) တွင် ဒု-နိုင်ငံရေးမှူး ရန်ဖုခန်း၊ ဒု-နိုင်ငံရေးမှူး စွင်တိန့်ယိ၊ တပ်မဟာ မှူး ဖုန့်ကြားဖု၊ ဒု-တပ်မဟာမှူး ယန်ကျုံးဝေတို့ ကို ခန့်အပ်ရန်။

တပ်မဟာ (၂) လက်အောက်တွင် (၁၀၇) (၃၀၃၁) (၃၀၃၃) (၃၀၃၇)

၄ ရင်း။

တပ်မဟာ (၅) လက်အောက်တွင် (၅၀၂) (၄၀၄၅) (၄၀၄၆) (၄၀၄၇) ၄ ရင်း။

တပ်မဟာ (၈) လက်အောက်တွင် (၅၀၁) (၅၀၃) (၃၀၃၅) (၄၀၄၈) ၄ ရင်းထားရှိ ကွပ်ကဲရန်။

(၂) တပ်မဟာ (၂) သည် ကွတ်ခိုင်နယ်မြေတွင် ဆက်လက်လှုပ်ရှားပြီး ကျန် တပ်ဖွဲ့များ နှင့် စစ်ဒေသရုံးများကို သံလွင်အရှေ့ခြမ်းတွင် အခြေပြု လှုပ်ရှားသွားရန်။ ကွမ်းလုံ၊ ဟူပန်၊ ပန်လုံဒေသတစ်ဝိုက်ကို တိုက်ခိုက်သိမ်းယူပြီး ဝနယ်တောင်ပိုင်း၊ မြောက်ပိုင်းကို အခြေပြုကာ ကျိုင်းတုံဒေသကို တိုးချဲ့တိုက်ခိုက်သွားရန်ဆိုသည့် ဆုံး ဖြတ်ချက်များ ပင် ဖြစ်လေသည် ။

## (ဃ) ကွမ်းလုံတိုက်ပွဲ

နမ့်စန်ညီလာခံပြီးသည် နှင့် ၃၀၃၅၊ ၄၀၄၅ နှင့် ၄၀၄၇ တို့ သည် စစ်ဒေသဌာန အသီးသီးနှင့်အတူ သံလွင်အရှေ့ဘက်ကမ်းသို့ ပြောင်းရွှေ့ခဲ့ကြ၏ ။ တပ်အင်အားကို ကိုးကန့်ဒေသတွင် စုစည်းကာ ရက် ၄၀ ကြာ ကွမ်းလုံတိုက်ပွဲ ကို တိုက်ခိုက်ခဲ့၏ ။ သို့သော် ကွမ်းလုံကို မသိမ်းပိုက်နိုင်ဘဲ တပ်မတော်၏ တန်ပြန်ထိုး စစ်ကြောင့် ကစဉ့်ကလျားဖြစ်ကာ ကိုးကန့်သို့ ပြန်လည်ဆုတ်ခွာခဲ့ကြရ၏ ။

## (င) ဝနယ်ကိုသိမ်းပိုက်ခြင်း

၁၉၇၃ နှစ်ဦးပိုင်းတွင် တပ်မဟာ ၅နှင့် တပ်မဟာ ၈ တို့ သည် ဝနယ်မြောက်ပိုင်း ကုန်းမင်စန်းတောင်ခြေရှိ မိုင်းမောသို့

ဝင်ရောက်ခဲ့ကြ၏ ။

တပ်မဟာ ၅ သည် မိုင်းမောမှ တစ်ဆင့် ကလုံပါဒေသရှိ ခလရ ၃၃ တပ်စုတစ် စုအား လည်းကောင်း၊ မန်ရှန့်ရှိ ခလရ ၃၃ တပ်ခွဲတစ်ခွဲကို လည်းကောင်း ထိုးစစ်ဆင် တိုက်ခိုက်ခဲ့၏ ။ လောင်လပ်ဆင်းမှ တပ်မတော်တပ်စုသည် မတိုက်ခိုက်ရဘဲ ဆုတ်ခွာ သွားခဲ့၏ ။ ထို့မှ တစ်ဖန် ပန်ယန်းရှိ တပ်မတော် တပ်စု တစ်စုကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြ၏ ။ နမ့်ယားယုံရှိ တိုင်ဝမ်ထလရတပ်ကိုလည်း တိုက်ခိုက်ချေမှုန်းနိုင်ခဲ့၏ ။ မော်ဖဒေသ ကာ ကွယ်ရေးတပ်မှာ တပ်မဟာ ၅ ထံ အညံ့ခံ ဝင်ရောက် ပူးပေါင်းခဲ့ကြ၏ ။

သို့ဖြင့် ကလုံပါ၊မန်ရှန် ၊ လောင်လပ်ဆင် ၊နားကောင် ၊ ပန်ဆန်းနှင့် ပန်ယန်းစသည့် ဝနယ်တောင်ပိုင်းကို သိမ်းပိုက်ခဲ့ကြ၏ ။ ထို့နောက် မကြာမီပင် နမ့်ခချောင်းကိုဖြတ်ကာ ကျိုင်းတုံမြောက်ခြမ်းရှိ ဟိုတောင်း ၊ မိုင်းပေါကန်နယ်မြေတွင်းသို့ဝင်ရောက်ခဲ့ကြ၏ ။ ၄၀၄၆ တပ်ရင်းမှာ မော်ဖဒေသကိုဖြတ်၍ တောင်ဘက်သို့ဆင်းခဲ့ပြီး ပျက်ကန့်တောင်တန်း ဒေသထဲသို့ ထိုးဖောက်ဝင်ရောက်ခဲ့လေသည် ။

တပ်မဟာ ၈ သည် မိုင်းမောမှ တစ်ဆင့် တရုတ်-မြန်မာနယ်စပ်အတိုင်း ခွင်းမား၊ အိုက်ချင်၊ တာမန်ဟိုင်း၊ ယင်းဖန့်ဒေသတစ်လျှောက်တွင် ကာကွယ်ရေးတပ်များ နှင့် ကူမင်တန်တပ်ကြွင်းများကို လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ကြ၏ ။

ဤသို့ဖြင့် ၁၉၇၃ ခုနှစ် လယ်ပိုင်းတွင်း အရှေ့မြောက်စစ်ဒေသသည် ပါတဗီ ဟို၏ ဝနယ်သိမ်းပိုက်ရေး စစ်ရေးတာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်နိုင်ခဲ့လေသည် ။ ဝနယ်ကို သိမ်းပိုက်ပြီးနောက်

တပ်သားသစ်အမြောက်အမြားပင် သိမ်းသွင်းနိုင် ခဲ့၏ ။ ဝနယ်မှာ ပင်ကိုက ရိက္ခာမလုံလောက်သဖြင့် တစ်နှစ်လျှင် ၆လမှ ၈လ တောသီး တောရွက်တို့ ကို စားရသော နယ်မြေ ဖြစ်၏ ။ ပညာအရည်အချင်းမရှိ။ ဗဟု သုတလည်း နည်းပါးလှသော ဝလူငယ်တို့ သည် တရုတ်ပြည်၏ ထောက်ပံ့မှုဖြင့် တစ်နှစ်တာလုံး ဆန်စားနိုင်သော ဗကပတပ်များ ထဲသို့ အလုံးအရင်းနှင့် ဝင်ရောက်ခဲ့ကြ၏ ။ ဗကကတပ်များ သည် ဝနယ်တွင် စစ်အင်အားကို 'အရေအတွက်' အရ ကြီးမားစွာ တိုးချဲ့နိုင်ခဲ့လေသည် ။ ၇၄ ခုနှစ်အတွင်းတွင် တပ်ရင်း ၁၅၊ စစ်ဒေသလက်နက်ကြီးတပ်ရင်း ၁၇၇၊ စစ်ဒေသကင်းတပ်ရင်း ၁၄၄ တို့ ကို တိုးချဲ့ဖွဲ့စည်းခဲ့၏ ။ တပ်မဟာ ၅ လက်အောက်ခံ ရင်း ၄၀၄၇ သည် မူလအင်အား ၂၀၀ မှ ၈၀၀ ကျော်အထိ တပ်သားစုဆောင်းကာ ၀၇၂ တပ်ရင်းကို ထုတ်နုတ်ဖွဲ့စည်းခဲ့၏ ။ ၄၀၄၅ မှာ လည်း အင်အားများ ပြားလာသည့် အတွက် ၀၄၂ တပ်ရင်းကို ထုတ်နုတ်ဖွဲ့စည်းနိုင်ခဲ့သည် ။ တပ်မဟာ ၈ နှင့် အခြားတပ်များ ၊ ဌာနများ သည် လည်း တပ်သားအင်အား ဖြည့်တင်းနိုင်ခဲ့လေသည် ။

၁၉၇၄ ခုနှစ်တွင် စစ်ဒေသဌာနအသီးသီးသည် ဝနယ်မြောက်ပိုင်း မိုင်းမော မှ ဝတောင်ပိုင်း ပန်ဆန်းသို့ ပြောင်းရွှေ့အခြေစိုက်ခဲ့၏ ။ ဝနယ်မြောက်ပိုင်းတွင် အင်အား ဖြည့်တင်းခဲ့သော တပ်မဟာ ၈ သည် လည်း နမ့်ခချောင်းကိုဖြတ်၍ တပ်မဟာ ၅ နှင့် ပြန်လည်ပူးပေါင်းခဲ့ကြ၏ ။

ထိုဒေသအနီးရှိ အိုက်မြင့် (ခ) ကျောက်ခွင်းမင်၏ ရှမ်းတပ်နှင့်ပူးပေါင်းကာ မိုင်းယန်း မြို့ကလေးကို ပထမဆုံးအကြိမ် စတင် တိုက်ခိုက်ခဲ့ကြ၏ ။ တိုက်ပွဲအပြီး၌ တပ်မဟာ ၈ သည် မိုင်းယန်း၏ ပတ်ဝန်းကျင် မိုင်းလား၊ မိုင်မ၊ မိုင်းဖျင်ဒေသများ တွင်

ဖြန့်ခွဲတပ် ချ ထားခဲ့၏ ။

၁၉၇၆ ခုနှစ်တွင် ထိုဒေသရှိ စန်ရှန်ဦးစီး ရှမ်းတပ်ကို အခြေခံကာ တပ်ရင်း ၆၈၅၈ ကို တပ်မဟာ ၅ လက်အောက်တွင် ထပ်မံဖွဲ့စည်းခဲ့ကြ၏ ။ ဤသို့ဖြင့် တပ်မဟာ ၅ ၏ လက်အောက်တွင် ၄၀၄၅၊ ၄၀၄၆၊ ၄၀၄၇၊ ၅၀၂ မူလတပ်ရင်းများ အပြင် ၀၇၂၊ ၀၄၂၊ ၆၈၅၅ သို့မဟုတ် ရင်း ၁၅၊ ၆၈၅၈ စုစုပေါင်းတပ်ရင်း (၈) ရင်းနှင့် လက်နက် ကြီးတပ်ခွဲတစ်ခွဲတို့ တိုးချဲ့စည်းရုံးနိုင်ခဲ့၏ ။

အင်အားများ ပြားလာသည့် တပ်မဟာ ၅ ကို တပ်မဟာ ၆၈၃ နှင့် တပ်မဟာ ၆၈၅ အဖြစ် တိုးချဲ့ဖွဲ့စည်းရန် စစ်ဒေသမှ ညွှန်ကြားခဲ့၏ ။ သို့နှင့် ၅၀၂၊ ၄၀၄၅၊ ၄၀၄၆၊ ၄၀၄၇ တို့ ဖြင့် တပ်မဟာ ၆၈၃ ကိုလည်းကောင်း၊ ၀၄၇၊ ၀၇၇၊ ၆၈၅၅ (ခ) ရင်း ၁၅ နှင့် ၆၈၅၈ တို့ ဖြင့် တပ်မဟာ ၆၈၅ ကိုလည်း ကောင်း အသီးသီး ပြန်လည်ဖွဲ့စည်းခဲ့လေ၏ ။

တပ်မဟာ ၆၈၃ တွင် နိုင်ငံရေးမှူး လီကျုံးချန်၊ တပ်မဟာမှူး ပေါက်ယိုယိ၊ တပ်မဟာ ၆၈၅ တွင် နိုင်ငံရေးမှူး ယန့်ကျုံး၀ေ၊ တပ်မဟာမှူး လီတဲ့ ခိုင်းတို့ ကို တာဝန် ပေးခန့်အပ်ခဲ့၏ ။

၁၉၇၆ ခုနှစ်အတွင်းတွင် စစ်ဒေသမှ လွယ်မောတောင်ရှိ ကာကွယ်ရေးတပ် အမှတ် ၆ ကို တပ်ရင်း ၆ အဖြစ်လည်းကောင်း၊ ကိုးကန့်ခရိုင်တပ်ကို ပြင်ဆင်ဖွဲ့စည်း ကာ ရင်း ၉ အဖြစ်လည်းကောင်း၊ ဝမြောက်ခရိုင် တပ်အားရင်း ၂၂ အဖြစ်လည်းကောင်း၊ ယွင်ရှင့်ဟိုပန်ဒေသရှိ တပ်ပေါင်းစု တပ်ဖွဲ့များကို ရင်း ၁၈ အဖြစ်လည်းကောင်း အသီးသီး ဖွဲ့စည်းပေးခဲ့၏ ။ ထိုရင်း ၆၊ ၉၊ ၂၂၊ ၁၈တို့ ကို စုစည်းကာ တပ်မဟာ ၁၂ ကို ဖွဲ့စည်း ခဲ့လေသည် ။

တပ်မဟာ ၁၂ တပ်မဟာမှူးမှာ ရဲဘော်လင်ချိန် (ခ) ကိုဝင်းဆွေ၊ ဒုတိယတပ် မဟာမှူးမှာ ကျောက်ညီလိုင်ဖြစ်ပြီး နိုင်ငံရေးမှူး ကော်ကျစ်မင် (ခ) ကိုမြသောင်း ဖြစ်၏။ ၁၉၇၆ အတွင်းမှ ပင် အိုက်မြင့် (ခ) ကျောက်ခွင်းမင် ဦးစီးသည့် ရှမ်းတပ်အား တပ်ရင်း ၃ ရင်းပါ တပ်မဟာ ၇၆၈ အဖြစ် ဖွဲ့စည်းပေးခဲ့၏။ ကျောက်ခွင်းမင်သည် လည်း ဗကပညြဇာခံကာ သူ၏ ရှမ်းတပ်ကို ပြည်သူ့တပ်မတော်အဖြစ် ပြောင်းလဲစေခဲ့၏ ။ ၇၆၈ တပ်မဟာနိုင်ငံရေးမှူးအဖြစ် စစ်ဒေသက ကိုသာနု(ခ)ဝမ်ရှင်းကန်းကို စေလွှတ်ခဲ့၏ ။ တပ်မဟာမှူးအဖြစ် စိုင်းနွံပန်းကို တာဝန်ပေးခဲ့လေသည် ။ ကျောက်ခွင်းမင်ကိုမူ ခရိုင်ကော်မတီတွင် တာဝန်ပေး၍ ကျိုင်းတုံမြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးလုပ်ငန်းများ တွင် တာဝန်ထမ်းဆောင်စေခဲ့၏။

သို့ဖြင့် ၁၉၇၆ ခုနှစ်မှ စ၍ အရှေ့မြောက်စစ်ဒေသတွင် တပ်မဟာ ၂၊ တပ်မဟာ ၈၊ တပ်မဟာ ၁၂၊ တပ်မဟာ ၆၈၃၊ တပ်မဟာ ၆၈၅၊ တပ်မဟာ ၇၆၈၊ တပ်မဟာ ၆ ခုကို အဓိကတိုက်ခိုက်ရေးအင်အားအဖြစ် ဖွဲ့စည်းထားခဲ့၏။

လက်အောက်ခံ အုပ်ချုပ်ရေးဌာနများ တွင် လည်း နမ့်ခမ်းခရိုင်တပ်၊ ကွတ်ခိုင် ခရိုင်တပ် ၊ ကိုးကန့်ခရိုင်တပ်၊ ဝတောင်ခရိုင်တပ်နှင့် ဝမြောက်ခရိုင်တပ်ဟူ၍ ဒေသခံတပ်များ အပြင် ပြည်သူ့စစ်တပ်ဖွဲ့များ လည်း ဖွဲ့စည်းထားခဲ့၏ ။ ထို့ပြင် အမြောက်တပ်ရင်း တစ်ရင်းနှင့် စစ်ဒေသကင်း တပ်ရင်းများကိုလည်း ဖွဲ့စည်းထားခဲ့၏။

### (စ) ၈၁၅ စစ်ဒေသ

၁၉၇၁ ဩဂုတ်လတွင် စတင်ဖွင့်လှစ်ခဲ့၏ ။ နိုင်ငံရေးမှူး ရဲဘော်ဖေသောင်း (ယခင် မြစ်ဖျားတိုင်း ကော်မတီဝင်) နှင့် တပ်မှူး ရဲဘော်တင်လှိုင် (ယခင် ၂၀၂ တပ် ဖွဲ့မှူး) ဦးစီးလက်နက်ကိုင် အင်အား (၆၀) ခန့်သည် ကျိုင်းတုံ၊ မိုင်းယောင်းတို့ ၏ မြောက်ဘက် တရုတ်-မြန်မာ နယ်စပ်မှ စတင်ဝင်ရောက်ခဲ့ကြ၏ ။ တရုတ်-မြန်မာ နယ်စပ်နှင့် နမ့်လွေချောင်းအကြား ဝမ့်ဖိုင်ရွာ၊ မန်စောအခါ၊ မန်စောပလောင်ရွာနှင့် မဲ ခေါင်မြစ်အရှေ့ခြမ်း ဖလို့ ဖလဲ၊ မိုင်းစော၊ မိုင်းနန် ဒေသများ တွင် လှုပ်ရှားကာ ဒေသခံ တောင်ပေါ်တိုင်းရင်းသား လူမျိုးစုများကို စည်းရုံးသိမ်းသွင်းခဲ့ကြ၏ ။

ထိုဒေသမှ တရုတ်ပြည် ရှမ်းအမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ရှီးစွမ်းပန့် နားတိုင်းနှင့် နယ်မြေချင်း ဆက်စပ်လျက်ရှိ၏ ။ ၈၁၅ ဒေသထဲတွင် လွယ်လ၊ အခါ၊ ပလောင်၊ လားဟူ၊ လီရှောနှင့် အခေးလူမျိုးများ နေထိုင်ကြ၏ ။ စပ်ဖျောင်၊ လော်စီး၊ ချက်ဖျောက် စသော ''ဘာဆာ ရွာသား'' အခါ လယ်သမားများ သူပုန်ဟောင်းများ ရှိကြ၏ ။ မြောက်ဘက်တွင် တရုတ်-မြန်မာနယ်စပ်၊ တောင်ဘက်တွင် နမ့်လွေချောင်း၊ အရှေ့ဘက်တွင် မဲခေါင်မြစ်တို့ တြိဂံဒေသမှာ တောတောင်ထူထပ်ပြီး လူသူအရောက် အပေါက် နည်းပါးခဲ့၏ ။ နိုင်းစော၊ မိုင်းနန်မှ တောင်ပေါ်သားများ သည် မြန်မာပြည်သားများ ဖြစ်သော်လည်း လမ်းပန်းခက်ခဲသော ကျိုင်းတုံ၊ မိုင်းယောင်းတို့ နှင့် ဆက်သွယ်မှုနည်းပြီး တရုတ်ပြည်ဘက်ရှိ တာ့မုံးလုံ၊ ကျင်းဟုံ မြို့များ နှင့် ဆက်ဆံမှုများ ၏ ။ တရုတ်ပြည်ဘက် တွင် လည်း (အိုက်ညီလူမျိုး)ဟု တရုတ်လိုခေါ်သော'အခါ' လူမျိုးများ ရှိပြီး ဘာသာစကား ချင်း တူညီ၏ ။ ထို့ကြောင့် တရုတ်ပြည်ထွက် နေ့စဉ်သုံးပစ္စည်းများ ဝယ်ယူရန်ဖြစ်စေ၊

တောင်ပေါ်နှင့်တောင်ထွက်ပစ္စည်းများ ရောင်းချရန်ဖြစ်စေ အဆင်ပြေလွယ်ကူးသောကြောင့် ဖြစ်၏။

၁၉၇၁ နှစ်ကုန်ပိုင်းတွင် တပ်မတော် လှုပ်ရှားစစ်ကြောင်းများ နှင့် တိုက်ပွဲငယ် အနည်းအကျဉ်းသာ တိုက်ခိုက်ခဲ့ရပြီးနောက် ၈၁၅ အဖွဲ့သည် ထိုနယ်မြေမှ ဒေသခံ တိုင်းရင်းသား အတော်များများကို တပ်သားသစ် သိမ်းသွင်းနိုင်ခဲ့၏ ။ အမှတ် (၅၅) နယ်ခြားကျောက်တိုင်အနီးရှိ တရုတ်ပြည် မုန်းစုံအခါရွာတွင် လက်နက်ခဲယမ်း ဂိုထောင်များ ထားရှိခဲ့၏ ။ ထို လက်နက်ခဲယမ်းများ တပ်ဆင်ပေးကာ ဒေသခံ တိုင်းရင်းသားများ ပါဝင်သည့် တပ်ခွဲများ တစ်ခုပြီးတစ်ခု ဆက်တိုက် ဖွဲ့စည်းနိုင်ခဲ့၏ ။

လူထုတွင်း ကျောရိုးများ မွေးမြူကာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဒိုင်နယ်နှင့် မြို့နယ်အဖွဲ့အစည်းများကိုလည်း စည်းရုံးခဲ့ကြ၏ ။ (၄) နှစ်ကာလအတွင်းတွင် အင်အား (၃၀၀) ခန့်စီ ပါဝင်သော အမှတ် ၁၂၊ ၁၄၊ ၁၆၊ ၁၈ တပ်ရင်း (၄) ရင်းကို ဖွဲ့စည်းနိုင် ခဲ့၏ ။ ၁၉၇၅ နမ့်လွေချောင်းတောင်ဘက်ကို ကျော်ဖြတ်တာ ကျိုင်းတုံ၊ မိုင်းယောင်း ကွင်းများကို ထိုးစစ်ဆင်ကာ စီမံကိန်းတွင် အရှေ့မြောက်စစ်ဒေသ၏ တပ်မဟာ (၈) လက်အောက်ခံ တပ်ရင်းများ နှင့် ပူးပေါင်းလှုပ်ရှားခဲ့၏ ။

၁၉၇၅ ဗဟိုကော်မတီသစ် ဖွဲ့စည်းရာတွင် ၈၁၅ စစ်ဒေသမှ နိုင်ငံရေးမှူး ရဲဘော် ဖေသောင်းသည် ဗဟိုကော်မတီဝင် ဖြစ်လာခဲ့၏ ။ ၁၉၇၆ ဇွန်လအတွင်းတွင် ဝမ်စော၊ ဝမ်ဖိုင်၊ ဝမ်ဖျက်နှင့် တရုတ်ပြည်မုန်းစုံတို့ ကို တယ်လီဖုန်းလိုင်းများ ဆက်သွယ်ခဲ့ ၏ ။ ၈၁၅ ဌာနချုပ်ကို ဝမ်ဖိုင်ရွာတွင် လည်းကောင်း ထောက်ပံ့ရေး ဂိုဒေါင်များကို အမှတ် (၅၅) နယ်ခြား မှတ်တိုင်အနီး မြန်မာပြည်ဘက်မှ

တောင်ကြောပေါ်တွင် လည်း ကောင်း တည်ဆောက်ခဲ့ကြ၏ ။

၁၉၇၉ ပန်ဆန်းဗဟိုဆွေးနွေးပွဲအပြီး ရဲဘော်ဖေသောင်းသည် မြောက်ပိုင်းဗျူရို သို့ ပြောင်းရွှေ့သွား၏ ။ သူ့နေရာတွင် အရန်ဗဟိုကော်မတီဝင် ရဲဘော်အေးငွေမှ ၈၁၅ နိုင်ငံရေးမှူးအဖြစ် ပြောင်းလဲတာဝန်ယူခဲ့၏ ။ ရဲဘော် တင်လှိုင်မှာ ဒုတိယ နိုင်ငံရေးမှူး ဖြစ်၏ ။ ၈၁၅ တပ်များ သည် နမ့်လွေချောင်းတောင်ဘက် မိုင်းယောင်း ပတ်ဝန်းကျင် မှ ထိုင်းနယ်စပ်အထိ အနှံ့အပြား ဖြန့်ခွဲ လှုပ်ရှားခဲ့ကြ၏ ။ တပ်မ ၈၈ မိုင်းယောင်းဗျူဟာ လက်အောက်ခံ တပ်ရင်းများ ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဗျူဟာ (၁) လက်အောက် ခံ တပ်ရင်းများ နှင့် မကြာခဏပင် တွေ့ဆုံတိုက်ပွဲများ ဖြစ်ပွားခဲ့၏ ။

၁၉၈၀ ပြည့်နှစ်တွင် ကင်းစောင့်ရဲဘော် မီးလှုံရာတွင် ၈၁၅ ထောက်ပံ့ရေး ဌာန ၏ လက်နက်ခဲယမ်း စုပုံဂိုဒေါင်စခန်း မီးစွဲလောင်ခဲ့၏ ။ တရုတ်ပြည်မှ ပေးထားသော လက်နက်ခဲယမ်း အမြောက်အမြားပင် မီးလောင်ဆုံးရှုံးသွားခဲ့၏ ။ တစ်သန်းကျော် အရေ အတွက်ရှိသည့် လက်နက်ကြီး လက်နက်ငယ် ကျည်မျိုးစုံမှာ တစ်နေကုန်ပင် အဆက် မပြတ် ပေါက်ကွဲနေ၏ ။ လယ်ထွန်စက်များ ၊ လျှပ်စစ်ဓာတ်အားပေးစက်များ လည်း မီး လောင် ပျက်စီးသွားခဲ့၏ ။

ထိုကာလများ အတွင်း ၈၁၅ ဒေသတွင်းသို့ တပ်မတော်စစ်ကြောင်းများမှ ဝင်ရောက် ထိုးစစ်ဆင် လှုပ်ရှားခဲ့ခြင်း မရှိသဖြင့် နမ့်လွေချောင်း မြောက်ခြမ်းဒေသသည် တည်ငြိမ် လာ၏ ။ အမှတ် (၅၅) နယ်ခြား ကျောက်တိုင်မှ ဝမ်ဖိုင်ရွာ၊ ဝမ်ဖိုင်မှ မန်စောအခါရွာ၊ မန်စောအခါမှ ဝမ်ရွာအထိ မော်တော်ကားလမ်းများ ဖောက်လုပ်ခဲ့ကြ၏ ။ အမှတ် (၅၅) ကျောက်တိုင်မှ

မိုင်းနန်ဘက်သို့လည်း နွေရာသီသွား ကားလမ်းဖောက်လုပ်ထားခဲ့၏ ။ ၁၉၈၅ ပန်ဆန်းပါတီ ကွန်ဂရက်တွင် ၈၁၅ စစ်ဒေသ ဒုတိယနိုင်ငံရေးမှူး

ရဲဘော်တင်လှိုင်သည် အရန်ဗဟိုကော်မတီဝင် ဖြစ်လာ၏ ။ ကွန်ဂရက်အပြီးတွင် သူသည် ၈၁၅ နိုင်ငံရေးမှူးဖြစ်လာ၏ ။ ရဲဘော်အေးငွေမှာ ဗဟိုရုံးသို့ ပြန်လည်ပြောင်းရွှေ့သွား၏ ။

၈၁၅ စစ်ဒေသကို နိုင်ငံရေးမှူး ရဲဘော် တင်လှိုင်

တပ်မှူး ရဲဘော် လင်မင်ရှင်း (ယခု- ဦးစိုင်းလင်း)

အကြံပေးချုပ် လီဝေ့မင်

စစ်ဒေသကို မဲခေါင်တိုင်းဟု အုပ်ချုပ်ရေးနယ်မြေ သတ်မှတ်ပြီး ခရိုင်နှစ်ခု ဖွဲ့ စည်းလိုက်၏ ။

ခရိုင် (၁) မိုင်းစောမိုင်းနန်ဒေသ

ခရိုင်အတွင်းရေးမှူး စွန်နော်

ခရိုင်မှူး ချက်ဖျောက်

ခရိုင် (၂) မိုင်းလားဒေသ

ခရိုင်အတွင်းရေးမှူး ရဲဘော်စံဝင်း

ဖြင့် ပြည်လည်ဖွဲ့စည်းခဲ့ပြီး မူလတပ်ရင်းများကို နံပါတ်များ ပြောင်းလဲကာ တပ်မဟာ (၉) လက်အောက်တွင် ရင်း ၂၅/၂၆/၂၇။ တပ်မဟာ (၁၁) လက်အောက်တွင် ရင်း ၃၁/၃၂/၃၃ ဟု ပြန်လည်ဖွဲ့စည်းခဲ့၏ ။

တပ်မဟာ (၉) သည် ၁၉၈၇ ခုနှစ် တပ်မ ၇၇ မော်ဖဒေသမှ

ပန်ဆန်းသို့ ထိုစဉ် အရှေ့မြောက်ဒေသ ပန်ယန်းနယ်မြေသို့ သွားရောက် စစ်ကူတိုက်ခိုက်ခဲ့ရ၏ ။ ၁၉၈၈ မိုင်းယန်းတိုက်ပွဲတွင် တပ်မဟာ (၉) နှင့် (၁၁) မှ အကျအဆုံး များ ပြားပြီး အထိနာခဲ့သည် ။

## (ဆ) နယ်စပ်ဒေသ ဆေးရုံများ

၁၉၆၈ မှ စ၍ အရှေ့မြောက်စစ်ဒေသ ဖွင့်လှစ်ခဲ့သည့် ကာလတစ်လျှောက်လုံးပင် သာမန်ဖျားနာနှင့် ဒဏ်ရာရ လူနာ ရဲဘော်များ သည် သက်ဆိုင်ရာဒေသရှိ ဗကပဆေးရုံ များ တွင် တက်ရောက်ကုသကြရ၏ ။

သံလွင်အနောက်ခြမ်းတွင် (စောစောပိုင်းက ပန်နှဲ့ဟုတ်-ပန်ဆပ်) ဆေးရုံ၊ မန်ကန် ဆေးရုံ၊ ပန်ဆိုင်းဆေးရုံ၊ အရှေ့ခြမ်းတွင် ကိုးကန့်ဒေသ ရန်လုံစိုက်ဆေးရုံ၊ ဝနယ်မြောက် ပိုင်းတွင် မိုင်းမော (ခ) ရှင်းတိဖန်ဆေးရုံ၊ ဝတောင်ခရိုင်တွင် ဝင်းကောင်ဆေးရုံ၊ ပန်ဆန်း တွင် စစ်ဒေသဆေးရုံကြီးနှင့် ဆေးပညာသင်တန်းကျောင်းများ ထားရှိ၏ ။ ပန်ဆန်းစစ် ဒေသဆေးရုံကြီးမှာ အကြီးမားဆုံးဖြစ်ပြီး သာမန်ခွဲစိတ်မှုများ (Minor Operation) ပြုလုပ်နိုင်၏ ။ ၈၁၅ စစ်ဒေသဆေးရုံကြီးမှာ မန်ဖိုင်ရွာအနီး မန်စောအခါရွာနှင့် မန်စော ပလောင်ရွာကြား တောင်ကုန်းကလေးပေါ်တွင် တည်ဆောက်ထား၏ ။ ထိုဆေးရုံကြီးများ အပြင် တပ်ရင်း တပ်ခွဲများ တွင် လည်း သူနာပြု အမျိုးသမီး၊ အမျိုးသား ရဲဘော်အဖွဲ့ငယ်များ ထားရ၏ ။

ပြင်းထန်သော ဒဏ်ရာနှင့် စိုးရိမ်ရသောလူနာများကို တရုတ်နိုင်ငံတွင်းရှိ အောက် ပါဆေးရုံများ သို့ သယ်ဆောင်ကာ အခမဲ့ ကုသပေးလေသည် ။

(၁၀၁) စစ်ဒေသမှ လူနာများကို ယူနန်ပြည်နယ် ထိန်ချုံးခရိုင်၊ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်အမှတ် (၇၁) ဆေးရုံ။

(၃၀၃) မှ လူနာများအား ယူနန်ပြည်နယ် လူရှီးခရိုင် ကျယ်ဖန်မြို့ အမှတ်(၁၀၈) စစ်ဆေးရုံ။

(၄၀၄) မှ လူနာများအား ယူနန်ပြည်နယ် ကျင်းခန်းခရိုင် မုန်းထွေး အမှတ်(၁၄၅) စစ်ဆေးရုံ။

ဝနယ်မြောက်ပိုင်းမှ လူနာများအား ယူနန်ပြည်နယ် ကင်းမားခရိုင် အမှတ် (၆၆) စစ်ဆေးရုံ။

ဝနယ်မြောက်ပိုင်း၊ ကျိုင်းတုံမြောက်ခြမ်းနှင့် ၈၁၅ စစ်ဒေသမှ လူနာများကို ယူနန်ပြည်နယ် လန်ချူန်းခရိုင် လန်ချန်းမြို့ရှိ (၆၁) စစ်ဆေးရုံ။

ဗဟိုခေါင်းဆောင်များ နှင့် တပ်မဟာအဆင့် ကေဒါများ ဖျားနာဒဏ်ရာရပါက ယူနန်ပြည်နယ်မြို့တော် ကူမင်ရှိ ပြည်သူ့လွတ်မြောက်ရေး တပ်မတော် အမှတ် (၄၃) စစ်ဆေးရုံတွင် တက်ရောက်၍ အခမဲ့ဆေးဝါး ကုသကြရလေသည် ။

* * *

# အခန်း (၄)

## ဗဟိုဌာနများ ပြောင်းရွှေ့ခြင်း

၁၉၆၈ ခုနှစ်မှ စ၍ သခင်ဗသိန်းတင်နှင့် အဝေးရောက် ဗဟိုကော်မတီသည် နိုင်ငံတကာ ညီနောင်ပါတီ၏ ဧည့်သည် များ အဖြစ် ပီကင်း(ပေကျင်း) တွင် နေထိုင်ခဲ့ကြ၏ ။ ၁၉၇၁ တွင် စတင်ဖွင့်လှစ်သော ပြည်သူ့အသံမှာ ကူမင်မြို့တွင် ရှိ၏ ။ ၁၉၇၃ ခုနှစ်တွင် တရုတ်ပြည်သည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာသောအခါ တရုတ်ပြည်တွင်း၌ ဗမာပြည် ကွန်မြူနစ်ပါတီအဖွဲ့အစည်းများကို ဗြောင်အတိအလင်း ယခင်ကကဲ့သို့ လက်ခံ ထားရန် အကန့်အသတ် ရှိလာ၏ ။

ထို့ကြောင့် ပီကင်းမြို့တော်ရှိ အဝေးရောက်ဗဟိုအဖွဲ့သည် လည်းကောင်း၊ ကူမင် မြို့ရှိ ပြည်သူ့အသံအဖွဲ့သည် လည်းကောင်း တရုတ်မြန်မာနယ်စပ်၊ ယူနန်ပြည်နယ်၊ လူရှီးခရိုင်၊ မန်စီမြို့နယ်တွင်းသို့ ပြောင်းရွှေ့ခဲ့ကြရ၏ ။ ဗဟိုရုံးကို (၁၈၁)၊ ဗဟိုကော်မတီ ဝင်များ နှင့် ကေဒါဟောင်းများ ၏ သားသမီးများ အတွက် သီးသန့်ဖွင့်လှစ်ထားသော ကျောင်းကို (၁၈၂)၊ ပြည်သူ့အသံကို (၁၈၃) ဟု ဌာနအမှတ်များ ဖြင့် ခေါ်ဝေါ်သုံးစွဲခဲ့ကြ ၏ ။ ထို့အပြင် လျှို့ဝှက်ရေးအတွက်ဟု ဆိုကာ ဌာနအသီးသီးကို တရုတ်ပုံစံ

အုတ်နံရံများ လေးဖက်ကာရံ၍ ထိုနံရံများ အတွင်းဘက်တွင် လည်း ဝါးရုံများ တန်းစီစိုက်ထား၏ ။ ဒေသခံလူထုမှ အပ ထိုနယ်မြေတစ်ဝိုက်တွင် ပြင်ပမှ အသွားအလာများကိုလည်း တရုတ်ပြည်မှ တင်းကျပ်စွာ ကန့်သတ်ထား၏ ။

ထိုစခန်းမှ ပင် ချီဖွေ-လော်ခါင်ဒေရှိ (၁၀၁) စစ်ဒေသ၊ ရွှေလီချိုင့်ဝှမ်းဒေသမှ (၂၀၂) စစ်ဒေသ၊ မူဆယ်၊ နမ့်ခမ်း၊ ကိုးကန့်နှင့် ဝနယ်ရှိ အရှေ့မြောက်စစ်ဒေသ၊ ကျိုင်းတုံ၊ မိုင်းယောင်းမြောက်ဘက် တရုတ်-မြန်မာ နယ်စပ်ရှိ ၈၁၅ စစ်ဒေသနှင့် ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်ဂူဒေသရှိ ၁၀၈ စစ်ဒေသတို့ ကို အဝေးရောက်ဗဟိုကော် မတီမှ ကြေးနန်းဖြင့် ကွပ်ကဲခဲ့၏ ။

* * *